# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ်(၃၂၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်သည်။

အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) သို့ တက်ရောက်ခြင်း၊ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေး စစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာခြင်း၊ ပညာရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်း ကဏ္ဍ၊ စီးပွားရေးကဏ္ဍ စသည်တို့အား ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



## ဇမ္ဗူသီရိမြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန် လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၆ ရက်က ဇမ္ဗူသီရိမြို့နယ်

*စာမျက်နှာ ၃ ကော်လံ ၄* ◆

## ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာ**

ပြည်တွင်းသတင်း စာ ၃

**ကရင်အမျိုးသားအစည်းအရုံး (KNU)ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ**

ပြည်တွင်းသတင်း စာ ၃

**အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေး ကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် (အပိုင်း ၁)**

ဆောင်းပါး စာ ၆

# နိုင်ငံသားတိုင်း၏ အခွင့်အရေးနှင့် ထူးခြားသည့် ရွေးကောက်ပွဲ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံကို လက်ရှိအခြေအနေမှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရန်မှာ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေဖြတ်သန်းကြရမည်ဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် လွှတ်တော်နှင့်အစိုးရအဖွဲ့တို့က နိုင်ငံကို အခင်းအကျင်းသစ်တစ်ရပ်ဆီသို့ ရောက်ရှိသွားစေမည်ဖြစ်သည်။

အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်း ရွေးကောက်ပွဲတွင် မဲပေးခွင့်သည် နိုင်ငံသားအခွင့်အရေးပင်ဖြစ်ပြီး မိမိကိုယ်စား မိမိတို့ရွေးကောက်လိုက်သည့် ကိုယ်စားလှယ်မှတစ်ဆင့် နိုင်ငံအစိုးရလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များပုဒ်မ (၃၆၉) တွင် နိုင်ငံသားတိုင်းသည် လွှတ်တော်ကိုယ်စားလှယ်များကို မဲပေးရွေးကောက်တင်မြှောက်ခွင့်ရှိသလို ကိုယ်တိုင်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ နိုင်ငံသားတိုင်းက မိမိတို့၏အခွင့်အရေးကို အသုံးချရာတွင် နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ ဒေသအကျိုးအတွက် စွမ်းဆောင်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ယူဆသည့် လူပုဂ္ဂိုလ်ကိုယ်စားလှယ်လောင်းနှင့် ပါတီတို့ကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးကောက်တင်မြှောက်ကြရမည်ဖြစ်သည်။

ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းများအတိအလင်းပေါ်ထွက်လာသည်နှင့်တစ်ပြိုင်နက် အဆိုပါရွေးကောက်ပွဲကို မပျက်ပျက်အောင် ဖျက်ဆီးမည်ဖြစ်ကြောင်း အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူ ရှိရှိသမျှအပေါင်းအပါတို့က တစ်လေသံတည်း ထုတ်ဖော်ပြောကြားခြိမ်းခြောက်လာကြသည်။ နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲဆွယ်စည်းရုံးလှုပ်ရှားကြမည့် လူပုဂ္ဂိုလ်များနှင့် ပါတီများ၊ မဲရုံဝန်ထမ်းများနှင့် လုပ်အားပေးသူများ၊ မဲဆန္ဒရှင်ပြည်သူများအား ခြိမ်းခြောက်မှု၊ ဟန့်တားမှု၊ နှောင့်ယှက်မှု၊ ကိုယ်ထိလက်ရောက်ပြုမူ မှုတို့မှ အကာအကွယ်ပေးထားသည်။

လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီစုစုပေါင်း (၆၁) ပါတီ ရှိသည့်အနက် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ (၉) ပါတီရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီ (၅၂) ပါတီရှိသည်။ လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်မှာ ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် ရောနှောထားသောကိုယ်စားလှယ် အချိုးကျစနစ် (Mixed Member Proportional–MMP) ကိုပါ အသုံးပြုသွားမည်ဖြစ်သည်။ ထို့အပြင် မဲရုံများ၌ မဲပေးရာတွင် ပထမဆုံးအကြိမ်အဖြစ် အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုမည်ဖြစ်ပြီး ရွေးကောက်ပွဲကို တစ်ကြိမ်တည်းအပြီးမကျင်းပဘဲ အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ ထူးခြားသည့်ရွေးကောက်ပွဲတစ်ရပ်ကို မဲဆန္ဒရှင်တို့ ကြုံဖူးကြရခြင်းဖြစ်သည်။

ရွေးကောက်ပွဲကို မပျက်ပျက်အောင် ဖျက်ဆီးမည်ဟူ၍ ကြွေးကြော်နေကြခြင်းမှာ မိမိတို့ကိုယ်တိုင် မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်မည်ဆိုသည့် အကြံအစည်မျိုးဖြစ်သည်။ အချို့ကလည်း ဘာရယ်မဟုတ် အဖျက်စိတ်ဓာတ်အခံနှင့် ဗရမ်းဗတာနေတတ်၊ ပြောတတ်ကြခြင်းကြောင့် လူမှုကွန်ရက်ပေါ်တွင် တက်၍ ရွေးကောက်ပွဲကို အိုးမဲသုတ်နေကြသူတချို့တွေ့ရပြီး သက်ဆိုင်ရာက ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူမှုကိုလည်း တွေ့ရသည်။ ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဆုံးပြန်လည်ပေါ်ထွန်းလာရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အဟန့်အတားပြုလာမှုများကို မိမိတို့အားလုံးက ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရပါမည့်အကြောင်း။ ။




**၂၈ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ - ၈ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၀၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၈၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၀၀ | ၃၁၀၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၉၂/၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**
**မတရားအသင်းအဖြစ်ကြေညာခြင်း**

၁။ နိုင်ငံတော်ယာယီသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး(Kayin National Union–KNU) နှင့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်ယာယီသမ္မတသည် မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါအဖွဲ့၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

## ကရင်အမျိုးသားအစည်းအရုံး(KNU)ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**
**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ကရင်အမျိုးသားအစည်းအရုံး(Kayin National Union–KNU) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်းအခြေပြု၍ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် ကရင်အမျိုးသားအစည်းအရုံး (Kayin National Union–KNU) ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## သံအမတ်ကြီး ဦးကျော်တင်ရှိန်အား မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးကျော်တင်ရှိန်အား အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဦးစွာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

အဆိုပါစကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်နယ်မြေ နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျောင်းသား ကျောင်းသူ လူငယ်များ အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံးမှမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နီလာစိုးက ဆောင်ရွက်ပြီး အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းမှ မရွှန်းအိသွယ်(Grade–8)က "လူငယ်နှင့် Smart Phone " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ပြည့်စုံမျိုးမြင့် (Grade–8)က "လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မနန်းခမ်းယိင်းနွဲ့(Grade–7)က "လူငယ်နှင့်စိတ်ဖိစီးမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမွန်မြတ်ပုံသွင်(Grade–7)က "လူငယ်နှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ပိုင်မှူးသန့် (Grade–7)က "လူငယ်နှင့် စည်းကမ်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး လူငယ်စကားဝိုင်းကို ဆွေးနွေးပြောကြားပေးသော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက လူငယ်ရေးရာနှင့် သက်ဆိုင်သည့် စာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်ပြဘုတ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**တင့်ဖူးခိုင်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**တောင်ကြီး ဩဂုတ် ၂၈**

ရှမ်းပြည်နယ် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟိုပုံးမြို့ရှိ အဆိုပါရုံးနေရာ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် တရားလွှတ်တော်၊ ပြည်နယ် တရားရေးဦးစီးမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာအဆောက်အအုံသစ်ကိုအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။






ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်၊ လုံခြုံရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်တို့က အဖွင့် အမှာစကား ပြောကြားကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာက အဆောက်အအုံသစ်နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး ထံသို့ လွှဲပြောင်းပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံးသည် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးဝင်းတွင် တည်ရှိပြီး အလျား ၁၉၄ ပေ x အနံ ၇၃ ပေ ရှိ RCC နှစ်ထပ် အဆောက်အအုံဖြစ်ကာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဘဏ္ဍာရန်ပုံငွေကျပ် ၂၁၇၈ ဒသမ ၄၆၈ သန်းဖြင့် ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့နှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲ ဒုတိယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ ပင်လယ်နယ်နိမိတ်သတ်မှတ်ခြင်း ကိစ္စရပ်များ၏ အရေးပါမှုများနှင့် ဆွေးနွေးပွဲအပြီး မျှော်မှန်းချက်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူ ကိုယ်စားလှယ်များက လူကိုယ်တိုင် ပါဝင်တက်ရောက်၍လည်းကောင်း၊ မြန်မာသံရုံး၊ စင်ကာပူမြို့မှ သံအမတ်/သံရုံးယာယီတာဝန်ခံက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍လည်းကောင်း မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်ကိစ္စရပ်များကို ဥပဒေရေးရာနှင့် နည်းပညာရှုထောင့်တို့မှ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား လက်တွေ့ဆောင်ရွက်နေသည့် နယ်နိမိတ်ဆိုင်ရာလုပ်ငန်းဆောင်တာများကို မျှဝေဆွေးနွေးပေးနိုင်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများအပေါ် သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။ ဆွေးနွေးပွဲများအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်က ဆွေးနွေးပွဲတွင် အဓိကပါဝင်ဆွေးနွေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ယာယီရေဘေးရှောင် ပြည်သူများအား တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့်စောင်များ ပေးအပ် နေပြည်တော်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာခြင်းလုံးအသင်းများ တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ လယ်တီစံကျောင်းတိုက်သို့သွားရောက်ပြီး လယ်တီဗိမာန်တွင် ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံ၍ ယာယီလာရောက်နေထိုင်စဉ် ကာလအတွင်း စားဝတ်နေရေးကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် ယာယီဆေးခန်း ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေဘေးရှောင် ပြည်သူများကလည်း စည်းကမ်းတကျ နေထိုင်ကြရန်နှင့် အမှိုက်များစနစ်တကျ စွန့်ပစ်ပေးရန်လိုကြောင်း၊ ယာယီနေထိုင်သူများအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လိုအပ်ချက်များရှိပါကလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကို တင်ပြဆောင်ရွက်နိုင်ကြောင်း၊ ရေပြန်ကျပြီး မိမိနေရပ်ကို ပြန်လည်ရောက်ရှိပါကလည်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် စောင်များပေးအပ်ကြပြီး ယာယီဆေးခန်းတွင် ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမသို့ သွားရောက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာခြင်းလုံးအသင်းများအား တွေ့ဆုံ၍ ပြိုင်ပွဲတွင် နေပြည်တော်၏ ဂုဏ်ကိုဆောင်နိုင်ရန် အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ရေး၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်စွာဖြင့် ယှဉ်ပြိုင်ကစားရေး၊ တစ်ဦးချင်း အဖွဲ့လိုက် အချိတ်ဆက်မိမိ အပေးအယူမျှတစွာဖြင့် အမှတ်များများရရှိအောင် ကစားရေး၊ ပြိုင်ပွဲဝင်ကာလအတွင်း အုပ်ချုပ်သူများ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လိုအပ်သည့်အခက်အခဲများရှိပါက တာဝန်ရှိသူများမှတစ်ဆင့် တင်ပြ ဆောင်ရွက်ရေးတို့ကို မှာကြားကာ နေပြည်တော်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာခြင်းလုံးအသင်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးများကျင်းပ



**နေပြည်တော် ဩဂုတ် ၂၈**

အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်ဆွေးနွေးသည်။(ယာပုံ)

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီး H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အထူးအစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်ညှိနှိုင်းမှုကို ဘာသာရပ်ဆိုင်ရာညှိနှိုင်းမှုပြီးစီးရန်နှင့် အဆိုပါမူဘောင်သဘောတူစာချုပ်အား ၂၀၂၆ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူစာချုပ်တွင် ထည့်သွင်းမည့်အချက်များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများအကြား သဘောတူညီချက်ရရှိရန် ကျန်ရှိနေသည့် ကိစ္စရပ်များကို ညှိနှိုင်းသဘောတူခဲ့ပြီး ဆက်လက်ညှိနှိုင်းမည့် ကိစ္စရပ်များအပေါ် မဟာဗျူဟာမြောက် လမ်းညွှန်ချက်များပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (AITIGA) ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီး H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်မှုကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်နိုင်ရေးအတွက် အာဆီယံ၏ အဆိုပြုရည်မှန်းချက်များကို အသိအမှတ်ပြုကြောင်း၊ အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အောက်မှ အကောက်ခွန် ထပ်မံဖြေလျှော့ပေးရမည့် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏ ဘုံသဘောတူညီချက်ရရှိပါက မြန်မာနိုင်ငံအနေဖြင့် အဆိုပါ သတ်မှတ်ချက်အတိုင်း လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအကောက်ခွန် ဖြေလျှော့ပေးရမည့်နှုန်းသည် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အတွက် တူညီသည့် ဖြေလျှော့မှုနှုန်းဖြစ်ရန် လိုကြောင်း၊ အကောက်ခွန်ဖြေလျှော့မှုများ ဆောင်ရွက်ရာတွင်လည်း ဖွံ့ဖြိုးမှုပိုမိုနည်းပါးသည့်နိုင်ငံများအတွက် အကောင်အထည်ဖော်သည့် ကာလအပိုင်းအခြား (Staging Period) ပေးရန် တောင်းဆိုခဲ့သည်။

အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး (UN Development Coordination Office – UNDCO) ၏ အာရှ - ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ ပိုမိုအကျိုးရှိ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂနိုင်ငံဆိုင်ရာ အဖွဲ့ (UN Country Team)တို့အကြား အနီးကပ် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ လျှင်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များအား ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲလုပ်ငန်း အစီအစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ရေး၊ အကျိုးရှိထိရောက်သော ကူညီထောက်ပံ့မှုများ ဖြစ်စေရန်အတွက် အလေးထားဆောင်ရွက်ရေး ကိစ္စများအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပူတာအိုမြို့နယ်၌ နံရံကပ်စာစောင်နှင့် ခတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်

**ပူတာအို ဩဂုတ် ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်နှင့် အများရှေ့တွင် ပြောရဲဆိုရဲသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ပြီး နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ခတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၂၆ ရက်က ပူတာအိုမြို့နယ် ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စု ဂျူဗလီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။



ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနိုင်က ခရိုင်ပြည်သူ့စာကြည့်တိုက်၏ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး ကျောင်းသူတစ်ဦးက ပုံပြင်ဖတ်ပြခြင်း အစီအစဉ်တွင် ပါဝင်ဖတ်ပြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုခဲ့ကြသည်။ **ဖုန်ကန်(ပူတာအို)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် (အပိုင်း ၁)

အောင်ရှင်း

ယခုဆောင်းပါးမှာ ဖော်ပြမဲ့ အချက်အလက်များဟာ တစ်ဖက်သတ်စွပ်စွဲချက်များ၊ လုပ်ကြံဖန်တီးထားတဲ့ အချက်အလက်များ မဟုတ်ကြောင်း ဦးစွာအသိပေးလိုပါတယ်။


လူမျိုးရေးအစွဲနဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ အိပ်မက်မက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဟာ သူတို့အဖွဲ့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာ့လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်အန္တရာယ်ပေးနေတဲ့ မူးယစ်ဆေးဝါးကို အကြီးအကျယ်ကုန်သွယ်မှု ပြုလုပ်နေကြောင်း မီးမောင်းထိုးပြသွားမှာဖြစ်ပါတယ်။ အဲဒီအဖွဲ့ကတော့ နိုင်ငံတော်အစိုးရက လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖြစ် သတ်မှတ်ခြင်းခံရတဲ့ AA အဖွဲ့ ဖြစ်ပါတယ်။

AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနှင့် ဖွဲ့စည်းထားတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ ဖြစ်သော်လည်း ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းမဟုတ်ကြောင်းကို ပြည်သူအများသိရှိပြီး ဖြစ်ပါတယ်။ အမှန်စင်စစ် AA အဖွဲ့ဆိုတာ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကိုချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်ဖြင့် ကိုယ်ကျိုးရှာ ရခိုင်လူမျိုးတစ်စုက ဦးဆောင်ကာ ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုကို အကြီးအကျယ်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့သာဖြစ်ကြောင်း ငြင်းလို့မရတဲ့ သက်သေအထောက်အထားများက ညွှန်းဆိုနေပါတယ်။

### သန္ဓေမကောင်းခဲ့တဲ့ မူးယစ်ရာဇာ

၂၀၀၉ ခုနှစ်က KIA ထိန်းချုပ်နယ်မြေမှာ စတင်ပေါ်ပေါက်လာခဲ့တဲ့ AA အဖွဲ့ဟာ ကချင်ပြည်နယ်ရောက် ရခိုင်လူမျိုးများနဲ့ဖွဲ့စည်းခဲ့ပြီး သူတို့ရဲ့ တပ်ဖွဲ့ဝင်တွေကို လက်နက်တပ်ဆင်ဖို့အတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို သူ့ရဲ့ဆရာ KIA နဲ့ UWSA၊ MNDAA အဖွဲ့များကို စံနမူနာအတုယူပြီး စိတ်ကြွဆေးပြားများ၊ အိုက်စ်နဲ့ ဘိန်းဖြူများကို ပြည်တွင်းမှာသာမက အမြတ်အစွန်းကြီးမားစွာရနိုင်တဲ့ ပြည်ပတင်ပို့မှုများကို ဒေသတွင်း မူးယစ်ရာဇာများနဲ့ ချိတ်ဆက်ပြီး တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိပါတယ်။ AA အဖွဲ့ဟာ စတင်ဖွဲ့စည်းချိန်ကစပြီး ယနေ့အချိန်အထိ ခိုင်မာတဲ့စီးပွားရေး လုပ်ငန်းများ မရှိသလို ဆင်းရဲနွမ်းပါးတဲ့ ရခိုင်တိုင်းရင်းသားများထံမှလည်း ဆက်ကြေးငွေ လုံလုံလောက်လောက် မရရှိတဲ့အတွက် သူတို့တပ်ဖွဲ့ဝင်များအတွက် လိုအပ်တဲ့ ရိက္ခာ၊ လက်နက်၊ ခဲယမ်းနဲ့ စက်သုံးဆီ ဝယ်ယူနိုင်ရေးအတွက် မူးယစ်ဆေးဝါး ကုန်သွယ်ရောင်းချမှုမှရရှိတဲ့ဝင်ငွေများကိုသာ အဓိကအားထားနေရပါတယ်။

**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိခဲ့သော**
**အကြမ်းဖက် AA မူးယစ်ဆေးဝါးဂိုဏ်း၏ ကွင်းဆက်တရားခံများ**




၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် AA မူးယစ်မှောင်ခိုဂိုဏ်းအား ငွေကျပ် ၅၁.၈၇ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် ၂.၀၇ တန်ကျော်၊ ကဖင်း ၈၀၀ ကီလိုဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိမှု။

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှု လုပ်ငန်းဟာ ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်ဖို့ ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်းမှာဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတွေကို နိုင်ငံတကာ မူးယစ်ရာဇာများနဲ့ ကွန်ရက်သဖွယ် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါတယ်။

### AA အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ

၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များ ပါဝင်ပတ်သက်တဲ့ မူးယစ်ဆေးဝါးများနဲ့ လက်နက်ခဲယမ်းများ ဖမ်းဆီးရရှိမှု ၂၄ ကြိမ်ရှိခဲ့ပြီး တရားခံ ၂၇၆ ဦးတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၄ သန်းကျော်၊ အိုက်စ် ၁၁ ဒသမ ၉ တန်ကျော်၊ ကဖင်း ၈၀၀ ကီလို၊ ကတ်တမင်း ၂ ဒသမ ၂ တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂၆၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၉ သန်းကျော်) နဲ့ လက်နက်မျိုးစုံ ၂၂၄ လက်၊ ကျည်မျိုးစုံ ၄၁၃၇၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၉၇၇ ခု၊ လက်ပစ်ဗုံး ၃၆ လုံး၊ ဗုံးသီး ၁၇၈ လုံး၊ GPS ၂၅ လုံး၊ ဂြိုဟ်တုဖုန်း ၄၀ တို့ကို ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးသယ်ဆောင်သည့် မော်တော်ယာဉ်၊ စက်လှေ၊ သင်္ဘောများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဖြစ်စဉ်အသေးစိတ်များကို Infosheet Website https://info sheet.org/ တွင် ဖော်ပြထားရှိပါတယ်။

### ထင်ရှားသည့်ဖမ်းဆီးရရှိမှုဖြစ်စဉ်များ

AA တပ်ဖွဲ့ဝင်များနှင့်ပတ်သက်သည့် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၂၄ ကြိမ် ရှိသည့်အနက် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သည့်အမှု ကိုးမှုရှိပြီး ထင်ရှားသည့်ဖြစ်စဉ်များကို ထုတ်နုတ်ရှင်းပြလိုပါတယ်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှာ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရက်ခုန်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူး AA တပ်ဖွဲ့ဝင် စံသာကျော်ရဲ့ နေအိမ်မှာ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၈ သန်းကျော်၊ ARAKAN Army စာတန်းပါ တံဆိပ်များ၊ လက်ပစ်ဗုံးများ၊ စကားပြောစက်များ ဖမ်းဆီးရမိခဲ့ပါတယ်။ စံသာကျော်ရဲ့ ထွက်ဆိုချက်အရ အဲဒီမူးယစ်ဆေးဝါးတွေဟာ ရခိုင်ပြည်နယ်အတွင်းနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဒုက္ခသည်စခန်းများကို ဖြန့်ဖြူးရန်နဲ့ AA တပ်ဖွဲ့ဝင်များ အသုံးပြုရန်အတွက် သိုလှောင်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ် မြို့ရွာအသီးသီးမှာ AA အဖွဲ့ရဲ့ အုပ်ချုပ်ရေး တာဝန်ပေးအပ်ခံရသူများထဲက စံသာကျော်လို စိတ်ချယုံကြည်ရသူတွေကို မူးယစ်ဆေးဝါးဖြန့်ဖြူးရေးအလုပ်ကိုလည်း ပူးတွဲတာဝန်ပေးအပ်လေ့ရှိပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်အတွင်း မြန်မာကျပ်ငွေ ၅၁ ဒသမ ၈၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်)တန်ဖိုးရှိ အိုက်စ် ၂ ဒသမ ၀၇ တန်နှင့် ကဖင်း ၈၀၀ ကီလိုဂရမ်တို့ကို ရန်ကုန်မြို့ရှိ အောင်မင်္ဂလာအဝေးပြေးကွင်းမှာ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ မူးယစ်ဆေးဝါးသယ်ဆောင်သူများဟာ အကြမ်းဖက် AA အဖွဲ့မှ အရာရှိအဆင့်ရှိသူ လေးဦး၊ အခြားအဆင့် သုံးဦး၊ အရပ်သား ရှစ်ဦးပါဝင်တဲ့ မူးယစ်ဆေးဝါးဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

အဲဒီတရားခံများကို စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများကို AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စေခိုင်းချက်အရ သူ့ရဲ့ လူယုံတော် AA အဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသား (ခ)ဝေသာထွန်းက စီစဉ်ကြိုးကိုင်ပြီး ရှမ်းပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များမှ ထုတ်လုပ်သည့် မူးယစ်ဆေးဝါးများကို မန္တလေး၊ ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်ကို ကုန်းလမ်း၊ ရေလမ်းများမှ သယ်ယူပို့ဆောင်ပြီး ရခိုင်ပင်လယ်ပြင်မှတစ်ဆင့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများကို ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့ကြပါတယ်။ ဒီဖြစ်စဉ်ကတော့ မူးယစ်ဆေးဝါးတွေကို သယ်ဆောင်သိုလှောင် ဖြန့်ဖြူးရောင်းချရေးများတွင် AA တပ်ဖွဲ့ဝင်များကိုယ်တိုင် တာဝန်ပေးချက်များအရ လုပ်ဆောင်နေကြောင်း ဖော်ထုတ်တွေ့ရှိရမှာ ဖြစ်ပါတယ်။

### အရပ်သားအသွင်ယူ AA တပ်ဖွဲ့ဝင်များ၏ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးမှု

၂၀၂၅ ခုနှစ် မတ်လ ၆ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်)မြို့နယ် (၁၄၄) ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ်(၅၄၆/၅၄၇) ရှိ ဂိုဒေါင်အတွင်းမှ အရပ်သားအသွင်ဆောင်ထားတဲ့ AA စီးပွားရေးတာဝန်ခံ

*စာမျက်နှာ ၇ သို့*

> ❝ AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနှင့် ဖွဲ့စည်းထားတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်သော်လည်း ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းမဟုတ်ကြောင်းကို ပြည်သူအများသိရှိပြီး ဖြစ်ပါတယ်။ အမှန်စင်စစ် AA အဖွဲ့ဆိုတာ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကို ချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်ဖြင့် ကိုယ်ကျိုးရှာ ရခိုင်လူမျိုးတစ်စုက ဦးဆောင်ကာ ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုကို အကြီးအကျယ်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့သာဖြစ်ကြောင်း ငြင်းလို့မရတဲ့ သက်သေအထောက်အထားများက ညွှန်းဆိုနေပါတယ် ❞

*စာမျက်နှာ ၆ မှ*

ရဲဝင်း(ခ) ကျော်စိုးလင်းအဖွဲ့ကို ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈၂ သန်း)တန်ဖိုးရှိ အိုက်စ် ၃ တန်ကျော်၊ ကတ်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့ဝင် ၁၄ ဦးရှိပြီး ငါးဦးက AA အဖွဲ့က တာဝန်ပေးအပ်ထားတဲ့ အရပ်သားအသွင်ယူထားတဲ့ စီးပွားရေးတာဝန်ခံများ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချမှုများတွင် AA ခေါင်းဆောင်များရဲ့ ယုံကြည်စိတ်ချရသူတပ်ဖွဲ့ဝင်များ ဖမ်းဆီးခံရသူများပြားလာလို့ တစ်ဖက်လှည့်နဲ့ AA တပ်ဖွဲ့ဝင်များကို အရပ်သားစီးပွားရေးတာဝန်ခံများ အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။



၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ကော့သောင်းမြို့အနောက်ဘက်ပင်လယ်ပြင်၌ AA အကြမ်းဖက်အဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံများ ပါဝင်သော မူးယစ်မှောင်ခိုဂိုဏ်းအား မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၂၀၀ ဒသမ ၃၂၅ ဘီလီယံခန့် တန်ဖိုးရှိ အိုက်စ် ၄ ဒသမ ၁၁၃ တန်၊ အိုက်စ်အရည် ၁ လီတာ၊ ကတ်တမင်း ၃ တန်တို့နှင့်အတူ ဖမ်းဆီးရမိမှု။

အလားတူ ၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက်နေ့နဲ့ ၂၇ ရက်နေ့မှာ ရန်ကုန်၊ ဖျာပုံ၊ ကော့သောင်းမြို့များမှာ AA ထောက်ပံ့ရေးတာဝန်ခံ နေပိုင်လင်း (ခ) အောင်နိုင်ကြွယ် ဦးစီး ၁၉ ဦးတို့ကို အိုက်စ် ၄ ဒသမ ၁၁၃ တန်၊ အိုက်စ်အရည် ၁ လီတာ၊ ကတ်တမင်း ၃ တန်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံများရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါး ရောင်းချငွေများဖြင့် AA အဖွဲ့အတွက် လက်နက်ခဲယမ်းများ ဝယ်ယူခြင်း၊ ရိက္ခာများ ထောက်ပံ့ပေးခြင်းများကို ပြုလုပ်နေတဲ့အဖွဲ့ဖြစ်ကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်မှာတော့ အရပ်သားအသွင်ယူ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချသူတွေကို AA အဖွဲ့ရဲ့ ထောက်ပံ့ရေးတာဝန်ခံများအဖြစ် အကာအကွယ်ပေးပြီး မူးယစ်ဆေးဝါးသယ်ဆောင်မှုကို အခေါက်ရေ နည်းနည်းနဲ့ ပမာဏများများ သယ်ဆောင်စေခဲ့ခြင်းဖြစ်ပါတယ်။

❖ **ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်သူ AA တပ်ဖွဲ့ဝင်များရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွေမှာ တာဝန်ပေးအပ်ခံရသူတွေဟာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ လူယုံတွေပဲဖြစ်ပြီး အဓိကတာဝန်ယူ ကြိုးကိုင်သူကတော့ AA အဖွဲ့က အတွင်းရေးမှူးဆိုသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်ဟန်ဖြစ်ကြောင်း သိရှိရပါတယ်။ အဖမ်းခံရသူတွေဟာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်း မဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်နေခြင်းဖြစ်တယ်လို့ ဆိုပါတယ်**

ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်သူ AA တပ်ဖွဲ့ဝင်များရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွေမှာ တာဝန်ပေးအပ်ခံရသူတွေဟာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ လူယုံတွေပဲဖြစ်ပြီး အဓိက တာဝန်ယူကြိုးကိုင်သူကတော့ AA အဖွဲ့က အတွင်းရေးမှူးဆိုသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်ဟန်ဖြစ်ကြောင်း သိရှိရပါတယ်။ အဖမ်းခံရသူတွေဟာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေး အဖြစ် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်နေခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ အခြား AA အဖွဲ့ဝင်တွေထက် လစာနဲ့အခွင့်အရေး ပိုမိုရရှိပြီး သယ်ဆောင်သိုလှောင်သူများ၊ ပြည်တွင်းဖြန့်ဖြူးသူများ၊ ပြည်ပနိုင်ငံများအထိ ချိတ်ဆက်ရောင်းဝယ်သူများကို အကန့်စနစ်ဖြင့် လုပ်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသိရှိဘဲ ဝေသာထွန်းတို့လို တာဝန်ခံအရာရှိကြီးတွေက ချိတ်ဆက်ဆောင်ရွက်ပေးနေတယ်ဆိုတာ စိစစ်ဖော်ထုတ်ချက်များအရ သိရှိရပါတယ်။

**“မူးယစ်ဆေးဝါးကနေရရှိတဲ့ အကျိုးအမြတ်တွေကို AA အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စီမံမှုနဲ့ လက်နက်ခဲယမ်း ရိက္ခာ ဖြည့်တင်းတာတွေ၊ တပ်စခန်း တည်ဆောက်တာတွေ၊ AA အဖွဲ့ဝင်တွေအတွက် ထောက်ပံ့မှုတွေမှာ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ယင်းဝင်ငွေ ၇၀ ရာခိုင်နှုန်းကို လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းမှုမှာ အသုံးပြုကာ နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြား လဲလှယ်ခြင်း အပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်းစတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေ ကျူးလွန်နေတာကို တွေ့ရှိရပါတယ်”**

မူးယစ်ဆေးဝါးကနေ ရရှိတဲ့ အကျိုးအမြတ်တွေကို AA အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စီမံမှုနဲ့ လက်နက်ခဲယမ်း ရိက္ခာဖြည့်တင်းတာတွေ၊ တပ်စခန်းတည်ဆောက်တာတွေ၊ AA အဖွဲ့ဝင်တွေအတွက် ထောက်ပံ့မှုတွေမှာ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ယင်းဝင်ငွေ ၇၀ ရာခိုင်နှုန်းကို လက်နက်ခဲယမ်း ဝယ်ယူဖြည့်တင်းမှုမှာ အသုံးပြုကာ နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်းစတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေ ကျူးလွန်နေတာကို တွေ့ရှိရပါတယ်။

အပိုင်း(၂) ဆက်လက်ဖော်ပြသွားပါမည်။



၂၀၂၅ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း AA အကြမ်းဖက်အဖွဲ့ဝင်များ ပါဝင်သော မူးယစ်မှောင်ခိုဂိုဏ်းအား ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ တန်ကျော်၊ ကတ်တမင်း ၂၀၀ ကီလိုတို့နှင့်အတူ ဖမ်းဆီးရမိမှု။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Golden Mandalar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။




သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ



၁-၉-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂၂)၊ အမှတ် (၁၇) တွင်
- တောင်သူများအတွက် ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက် စမ်းသပ်ထုတ်လုပ်
- စာပေဖတ်ရှုလေ့လာခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့
- စပျစ်စိုက်ပျိုးလိုသူများအတွက် မြေလွတ်၊ မြေရိုင်းများတွင် စိုက်နိုင်စေရန် စီစဉ်နေ
- ကျောက်ကပ်ပျက်စီးနိုင်သောကြောင့် အကိုက်အခဲပျောက်ဆေးများ အလွန်အကျွံ မသုံးစွဲရန်လို
- ချည်မျှင်ရှည်ဝါသီးနှံ အောင်မြင်ဖြစ်ထွန်းရေး နည်းပညာအကူအညီ ဆောင်ရွက်ပေးလျက်ရှိ
- အာဖရိကဒေသတွင် နေရောင်ခြည်စွမ်းအင်ကဏ္ဍ တိုးမြှင့်ထုတ်လုပ်သွားမည်
- AI အကူအညီဖြင့် ဆေးယဉ်ပါးရောဂါနှစ်မျိုးအတွက် ပိုးသတ်ဆေးသစ် တီထွင်
- ဘရူနိုင်းနိုင်ငံ၌ ဆန်ရာနှုန်းပြည့်ဖူလုံရန် အရိုန်မြှင့်ကြိုးပမ်း စသည်တို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင်
(၅၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နောင်ချိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့သွားရောက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ရပြီး နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။**(အပေါ်ယာပုံ)**




ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သောင်းကျန်းသူများကြောင့် အေးချမ်းတည်ငြိမ်လျက်ရှိသည့် မြို့ရွာများ များစွာပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ နောင်ချိုမြို့အား တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးနောက် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား စနစ်တကျပြန်လည်လက်ခံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအား ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးခွင့်ရအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည့်အပြင် ပြည်သူများအနေဖြင့်လည်း မဲပေးကြရန် လိုအပ်ပါကြောင်း၊ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အား အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်၍ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တား ဖျက်ဆီးမည့်သူများကို ဥပဒေနှင့်အညီ ပူးပေါင်း ဟန့်တားဆန့်ကျင်သွားရန် လိုအပ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ်ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးနေသကဲ့သို့ ယခင်ကထက် ပိုမိုသာလွန်သော အခြေအနေသို့ ရောက်ရှိအောင် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နောင်ချိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုများအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် နောင်ချိုမြို့မရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နောင်ချိုမြို့ ဘူတာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသူ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ "ဟော်တော်ကျောင်းတိုက်"သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအင်္ဂိုသအမှူးပြုသော နောင်ချိုမြို့ပေါ်ကျောင်း ၁၀ ကျောင်းမှ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မိတ္ထီလာမြို့ရှိ တက္ကသိုလ်များ၊ ပညာရေး ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများအနေဖြင့် Project Paper များရေးသားရာတွင် ခေါင်းစဉ်ရွေးချယ်မှုမှန်ကန်မှုရှိရန် လိုအပ်ပြီး မိမိတို့ဒေသတွင်းရှိအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် မိမိတို့ဒေသကိုအကျိုးပြုသည့် Project Paper များ ရေးသားကြစေလိုကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ စာမေးပွဲနီးကပ်လာပြီဖြစ်၍ စာမေးပွဲမေးခွန်း လုံခြုံမှုရှိစေရေး၊ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ Project Paper ခေါင်းစဉ်များသည် ယခင်ခေါင်းစဉ်များနှင့် မတူညီရန်နှင့် group project များ ပြုလုပ်ရာတွင် ဆရာ ဆရာမများအနေဖြင့် စနစ်တကျ ကြီးကြပ်ကြစေလိုပါကြောင်း၊ ကျောင်းများတွင် အရေးပေါ်တုံ့ပြန်ရေး ကြီးကြပ်အဖွဲ့ (Emergency Response Team) များဖွဲ့စည်းရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ် ညောင်ကိုင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



ဆက်လက်၍ မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး မိတ္ထီလာတက္ကသိုလ် အစည်းအဝေး ခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ခရိုင်ပညာရေးမှူး၊မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ဆရာ ဆရာမများက လက်ရှိဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများ၊ အောင်ချက်အကောင်းဆုံး သင်တန်းကျောင်းများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်



**နေပြည်တော် ဩဂုတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသား သမီးများ၊ အောင်ချက်အကောင်းဆုံး သင်တန်းကျောင်းများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရှေ့ဝတီခန်းမ ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် ၄ ရပ်တွင် တတိယအချက်အနေဖြင့် **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုကာ ဦးတည်ချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးသည် နိုင်ငံတော် တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအား အရည်အချင်းပြည့်ဝသော ပညာတတ်များ ပေါ်ထွန်းလာစေရန် လိုအပ်သော ကူညီထောက်ပံ့မှုများ နှစ်စဉ်အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းရတနာ၊သမီးကောင်းရတနာများ ဖြစ်လာစေရေး ကြိုးစား အားထုတ်သွားကြရန် နှင့် မိဘများအနေဖြင့်လည်း သားသမီးများ၏ ပညာရည် မြင့်မားရေးကို အလေးထား ပြုစုပျိုးထောင်ပေးသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦး **(အပေါ်ပုံ)** နှင့် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းတို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ၄ ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူနှစ်ဦးတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ၃ ဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူနှစ်ဦးတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီး၏ဇနီးက ၃ ဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် လူရည်ချွန်ဆုရရှိသူတစ်ဦးတို့ကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ၂ ဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့ကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်၏ ဇနီးက ၂ ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက ၁ ဘာသာဂုဏ်ထူးရှင် ၁၂ ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ ကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင် မအင်ကြင်းခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ၆ ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ၁ ဘာသာ ဂုဏ်ထူးရှင် ၃၂ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၄၈ ဦးတို့ကို လည်းကောင်း၊ လူရည်ချွန်ဆုရရှိသူ ခုနစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၉၅ ရာခိုင်နှုန်းဖြင့် ပထမဆုရ ကလေးလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၇၉ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရ ပင်လောင်းလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၆၅ ရာခိုင်နှုန်းဖြင့် တတိယဆုရ ပခုက္ကူလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုဝင်များနေထိုင်သည့် ယာယီအဆောက်အအုံများသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မန္တလေးငလျင်ကြီးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သည့် ယာယီအဆောက်အအုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ယာယီအဆောက်အအုံများရှိ ကွပ်ကဲရေးရုံးတွင် တာဝန်ရှိသူများက Modular House နှင့် Container များတွင် ဝန်ထမ်းများနှင့် မိသားစုများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်ရာတွင် အဆင်ပြေမှုရှိစေရေးအတွက် လိုအပ်ချက်များကို ဖွဲ့စည်းထားရှိသည့် သက်ဆိုင်ရာကော်မတီအသီးသီးမှ အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများနေထိုင်မှုအဆင်ပြေမှသာ လုပ်ငန်းခွင်အတွင်း စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော အမှိုက်ကန်များတွင် စနစ်တကျစွန့်ပစ်ကြစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လက်ရှိအခြေအနေမှ အမြန်ဆုံးပြန်လည်ရုန်းထနိုင်ရေး စိတ်ဓာတ်ကြံ့ခိုင်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ Container House အတွင်း နေထိုင်ကြသည့် ဝန်ထမ်းများအနေဖြင့် အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှု မရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေ၊ ဝန်ထမ်းများ အပန်းဖြေအနားယူနိုင်ရန် Camp Theater ဆောင်ရွက်ပေးထားမှုအခြေအနေ၊ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများ စနစ်တကျထားရှိမှု၊ ရေချိုးဆောင်နှင့် အများသုံးသန့်စင်ခန်းများ ကောင်းမွန်စေရေး စီမံဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းများ အဆင်ပြေချောမွေ့စေရေး စားသောက်ဆိုင်နှင့် ကုန်ခြောက်ဆိုင်များ ဖွင့်လှစ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*❂ ကျော်ဖုံးမှ*

အား/ကာသိပွဲအသင်းသည် ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစသုံးမိနစ်တွင် နောက်တန်းအစွန်လူ နှင်းပွင့်အေးက ထောင့်မှ ဂိုးထဲသို့ တိုက်ရိုက်ကန်သွင်းပြီး ပထမဂိုး၊ ခြောက်မိနစ်တွင် မေထက်လူက ဒုတိယဂိုးသွင်းယူကာ ပွဲအစခြောက်မိနစ်အတွင်း နှစ်ဂိုးရသွားသဖြင့် မွန်ဂိုလီးယားကလပ်အသင်း ယှဉ်ကစားနိုင်ရန် ခက်ခဲသွားသည်။ ၃၂ မိနစ်တွင် ရွှေရည်ထွန်း၊ ၃၈ မိနစ်တွင် လင်းမြင့်မိုရ်တို့က ဂိုးများ ထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် အား/ကာသိပွဲအသင်းက လေးဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် အား/ကာသိပွဲအသင်းက ကစားသမားများပြောင်းလဲသော်လည်း ဆက်လက်ဖိအားပေးနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၄၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် စန်းသော်သော်၊ မိနစ် ၅၀ တွင် စန္ဒာလင်း၊ ၆၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဖြူဖြူဝင်း၊ ၆၈ မိနစ်တွင် လင်းမြင့်မိုရ်တို့က သွင်းယူခဲ့သည်။

အုပ်စု (က) တွင် မြန်မာကလပ် အား/ကာသိပွဲအသင်းနှင့် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းတို့က ခြောက်မှတ်စီရထားပြီး မွန်ဂိုလီးယားကလပ် Khovd Western အသင်းနှင့် ဂူအမ်ကလပ် Strykers အသင်းတို့မှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အား/ကာသိပွဲအသင်းသည် နောက်ဆုံးပွဲအဖြစ် ဩဂုတ် ၃၁ ရက်တွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းနှင့် ကစားရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲဖြစ်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်ကြီး**

## လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်းအားလျော့သွားမည်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ် အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# 2025 E Sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်




**ရန်ကုန် ဩဂုတ် ၂၈**
2025 E Sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဂုဏ်ပြုသည့် Yangon Galacticos E Sports အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ကမ္ဘာ့အဆင့် E Sports World Cup ပြိုင်ပွဲ၏ PUBG Mobile ကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ E Sports အားကစား အဖွဲ့ချုပ်သည် သက်တမ်းအားဖြင့် နုနယ်လှသော်လည်း E Sports အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ E Sports အားကစားနည်းဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ပြီး ဆုကြေးငွေများကို ချီးမြှင့်ခံခဲ့ရပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး Sustainable Development အတွက် မြန်မာပြည်တစ်ဝန်းမှ E Sports ဝါသနာရှင်ရွက်ပုန်းသီးအားကစားသမားများကို ဖော်ထုတ်နိုင်ရန် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်နိုင်ရန်လည်း တိုက်တွန်းပြောကြား လိုပါကြောင်း။

ယခုကဲ့သို့ အောင်မြင်မှုသည် လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း E Sports အဖွဲ့ချုပ်၏ စီမံဆောင်ရွက်နိုင်မှု၊ E Sports လက်ရွေးစင်အားကစားသမားများ၏ ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်မှုများ၏ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံတော်အလံကို နိုင်ငံတော်သီချင်းနှင့်အတူ ထိုင်းနိုင်ငံ၌ အလံတိုင်ထိပ်အရောက် လွှင့်ထူနိုင်မည်လို့ ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် 2025 E Sports World Cup ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက 2025 E Sports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၄၀၀ နှင့် အုပ်ချုပ်နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၀ တို့အား ချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ ချီးမြှင့်သည်။

ဆက်လက်၍ KBZ Group မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း (၈) ထောင်အပါအဝင် အလှူရှင်များက အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် အလှူရှင်များ၏ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းကျပ်သိန်း ၁၃၁၀၀ ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက 2025 E Sports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ပြီး ဆုရအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

Yangon Galacticos E Sports အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ကမ္ဘာ့အဆင့် E Sports World Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်၍ မြန်မာ့အားကစားသမိုင်းတွင် အားကစားနည်းမျိုးစုံအနက် ပထမဆုံးနှင့် ကမ္ဘာ့အဆင့် ရွှေတံဆိပ်ရရှိခဲ့သည့် တစ်ခုတည်းသော အားကစားနည်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ကမ္ဘာ့အဆင့်တွင် ရင်ပေါင်တန်းယှဉ်ပြိုင် အနိုင်ရခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အပြင် မျိုးဆက်သစ်မြန်မာလူငယ်များအတွက် စိတ်ခွန်အားတက်ကြွမှု ဖြစ်ပေါ်စေသဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ E Sports အားကစားသမားများ အားလုံးနှင့် မြန်မာနိုင်ငံ E Sports အဖွဲ့ချုပ် Founder နှင့် ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များကိုလည်းကောင်း၊ E Sports အဖွဲ့ချုပ်အတွက် နှစ်စဉ်ငွေကျပ်သန်းပေါင်း (၄)ထောင်ကျော် ထောက်ပံ့လှူဒါန်းခဲ့သော KBZ Bank နှင့် KBZ Group နာယကကြီး ဦးအောင်ကိုဝင်းအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင် ၂၆ ဦးတက်ရောက်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပမည်

**ပေကျင်း ဩဂုတ် ၂၈**
တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို စက်တင် ဘာ ၃ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားကျင်းပရန်အတွက် ထျန်းအန်းမင်ရင်ပြင်၌ အထွေထွေလေ့ကျင့်မှုများ ယေဘုယျအားဖြင့် ပြီးစီးပြီဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ပေကျင်းမြို့ မီဒီယာစင်တာဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ **(ယာပုံ)** မှ သိရသည်။

အဆိုပါအခမ်းအနား၌ စနစ်တကျ ဖွဲ့စည်းထားသည့် စစ်သည်တော်များ၊ လက်နက်များမှာ အလွန်ပမာဏများပြား ပြည့်စုံ၍ ခေတ်သစ်ပြည်သူ့တပ်မတော်၏ နိုင်ငံရေး၊ အင်အားနှင့်ခေတ်မီတည်ဆောက်ခြင်းတို့အား စုစည်းဖော်ထုတ်မှုပင်ဖြစ်ကြောင်း အခမ်းအနား ဦးဆောင်အဖွဲ့ရုံး ဒုတိယဥက္ကဋ္ဌ၊ တရုတ် ဗဟိုစစ်ရေးကော်မရှင် ပူးတွဲစစ်ဦးစီးဌာန စစ်ဆင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် Wu Zeke က သတင်း ထောက်များကို ပြောကြားသည်။

ယခုနှစ် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ဆောင်ပုဒ်မှာ “သမိုင်းကို စွဲမြဲစွာမှတ်မိခြင်း၊ သူရဲကောင်းအာဇာနည်များကို အောက်မေ့ခြင်းနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထား၍ အနာဂတ်အရေးကို ဖန်တီးခြင်း” ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟောင်လဲ့က ပြောကြားသည်။

ထိုအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မြန်မာနိုင်ငံ စသည့်ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင် ၂၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူက ထည့်သွင်းပြောကြားခဲ့သည်။




ထို့ပြင် နိုင်ငံအသီးသီးမှ လွှတ်တော်အကြီးအကဲများ၊ ဒုတိယဝန်ကြီးချုပ်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိအကြီးအကဲများလည်း တက်ရောက်မည်ဖြစ်ရာ တက်ရောက်သည့် ထိပ်သီးဧည့်သည်တော်များမှာ ရာထူးအဆင့်အတန်းမြင့်မားခြင်း၊ ကမ္ဘာ့တိုက်ကြီးငါးတိုက်မှ ခိုင်မာသည့်ကိုယ်စားပြုမှုရှိသော အစိုးရနှင့်အရပ်ဘက်ပုဂ္ဂိုလ်များ ပါဝင်ခြင်းနှင့်ကျယ်ပြန့်သော ပူးပေါင်းမှုရှိခြင်းဟူသည့် အဓိကထူးခြားချက်သုံးရပ်ရှိကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းပြောကြားသည်။

စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် အခမ်းအနားအောင်ပွဲပဒေသာကပွဲကြီးကို ပြည်သူ့ခန်းမဆောင်ကြီး၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံ့ခေါင်းဆောင်များ၊ စစ်ပွဲအတွင်း ပါဝင်ခဲ့သည့် အငြိမ်းစားစစ်သည်တော်ကြီးများနှင့် လူထုကိုယ်စားလှယ်များ စသည်ဖြင့် အလွှာပေါင်းစုံမှ ပဒေသာကပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

**ခင်ရတနာ**

# အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီခွဲက မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ်၊ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ဘဏ်များမှချေးငွေထုတ်ချေးရာတွင် ဆောင်ရွက်ရမည့် ချေးငွေဆိုင်ရာ





စံပြုလုပ်ငန်းစဉ်(SOP)အား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များအရ ပြင်ဆင်အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဘဏ်များနှင့် Finance Company များက ပါဝင်ဆောင်ရွက်လိုကြောင်း လျှောက်ထားချက်များပေါ်မူတည်၍ ဘဏ်များ၏ ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုပေါ်မူတည်၍ ပထမအဆင့်အနေဖြင့် ပုဂ္ဂလိကဘဏ်(၈)ဘဏ်နှင့် Finance Company (၂) အား ရွေးချယ်ခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါဘဏ်နှင့် Finance Company များမှတစ်ဆင့် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်း၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဌာနအသီးသီး၏ လုပ်ဆောင်ချက်များနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ မူဝါဒများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဘဏ်နှင့် Finance Company များသို့ ရှင်းလင်းပြီး ဦးစားပေးကဏ္ဍများဖြစ်သည့် ကုန်သွယ်ရေး၊ MSME လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ထုတ်ချေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပမည့် နေ့ရက်များပေါ်မူတည်၍ ချေးငွေစိစစ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးအတည်ပြုသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသည့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ယခုဆောင်ရွက်ပေးမည့် ချေးငွေအစီအစဉ်တွင် ဦးစားပေးထုတ်ချေးလိုသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြီး မြန်မာနိုင်ငံဘဏ်များအသင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်း ဦးစားပေးကဏ္ဍများနှင့် ဦးစားပေးဒေသများအလိုက် ချေးငွေဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP) အသေးစိတ်နှင့် ပထမအဆင့်လျှောက်ထားနိုင်သည့် ဘဏ်နှင့် Finance Company များ၏ စာရင်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သော နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ပြန်လည်ပြင်ဆင်ပြုပြင်နေမှုနှင့် ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေးသည်။



နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ မန္တလေး-နေပြည်တော်ဆက်သွယ်ထားသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မိုင်တိုင်(၁၂၂/၆-၁၂၂/၇)နှင့် မိုင်တိုင်(၁၂၃/၄-၁၂၃/၅) အတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်းတာပေါင်ရေတိုက်စားပျက်စီးမှု၊ မိုင်တိုင်(၁၂၈/၃ နှင့် ၁၂၈/၄) အတွင်း ရေတိုက်စား၍ ပျက်စီးသွားသည့် ရမည်းသင်းဘက်ခြမ်း လမ်းတာပေါင်နှင့် ချဉ်းကပ်လမ်း၊ ရေဦးတံတားတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာနမှတာဝန်ရှိသူများက ရေတိုက်စားသဖြင့် လမ်းတာပေါင်နှင့် ချဉ်းကပ်လမ်း ပျက်စီးခဲ့မှုအခြေအနေ၊ ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်၊ မြေထိန်းနံရံများ ပြုပြင်ဆောင်ရွက်သွားရန်၊ ရေစီးရေလာကောင်းမွန်ရေး အလေးထားဆောင်ရွက်သွားရန်၊ ရေစီးနှင့်အတူမျောပါလာသော သစ်ပင်ကြီးများ၊ သစ်မြစ်များ၊ သစ်တုံးကြီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေဦးတံတားသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတား၏ ချဉ်းကပ်လမ်းထိပ် ၁၀ ပေခန့် လမ်းသားပြတ်တောက်ခဲ့ခြင်းကို လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၂၇ ရက်က ပြန်လည်ပြုပြင်ခြင်း၊ ခင်းကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ချဉ်းကပ်လမ်းနှင့် လမ်းတာပေါင်လုပ်ငန်းများပြီးစီး၍ မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ၂၀၂၅ ခုနှစ် တောင်နှင့် တောင်အာရှနိုင်ငံများ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်ရေး ကွန်ဖရင့်၊ နိုင်ငံတကာချိတ်ဆက်မှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များ ကုန်သွယ်ရောင်းဝယ်ခြင်းအခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပသည့် ၂၀၂၅ ခုနှစ် တောင်နှင့် တောင်အာရှနိုင်ငံများ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်ရေးကွန်ဖရင့်၊ နိုင်ငံတကာချိတ်ဆက်မှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များ ကုန်သွယ်ရောင်းဝယ်ခြင်းအခမ်းအနား (2025 South and Southeast Asia Digital Cooperation Conference and Supply and Demand Matchmaking Event for the Industry and Trade) သို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ယခုမျက်မှောက်ခေတ်တွင် နည်းပညာ၏ အကျိုးပြုမှုများကြောင့် လူသားများသည် မည်သည့်နေရာတွင်မဆို တစ်ဦးနှင့်တစ်ဦး လွယ်ကူစွာ ကမ္ဘာ့အတိုင်းအတာဖြင့် ဆက်သွယ်မှုတိုးတက်လာခြင်းကြောင့် ပိုမိုကောင်းမွန်သော ဒစ်ဂျစ်တယ်အနာဂတ်ကို ဖော်ဆောင်နိုင်ကြောင်း၊ ဒစ်ဂျစ်တယ်ကူးပြောင်းလာမှုသည် အစဉ်အဆက်ကူးပြောင်းနေမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူပြည်သားများအားလုံး နေရာကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုသည် နည်းပညာတိုးတက်ရေးအတွက်သာမက အခွင့်အလမ်းများ၊ တာဝန်ယူမှု၊ တာဝန်ခံနိုင်မှု တန်ဖိုးများနှင့် မျှတသော အခွင့်အလမ်းများရရှိနိုင်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ တတ်စွမ်းနိုင်သမျှ ဒစ်ဂျစ်တယ်လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ဒေသတွင်း ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရန်အတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် အာရှပစိဖိတ်ဒေသ ဆက်သွယ်ရေးအဖွဲ့ (APT)တို့၏ ပံ့ပိုးကူညီမှုဖြင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရနှင့် ထိုင်းနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများမှ ဒစ်ဂျစ်တယ်နှင့် ဆက်သွယ်ရေး၊ စက်မှုလုပ်ငန်း၊ မြို့ပြဒစ်ဂျစ်တယ်






လုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းများမှ ကိုယ်စားလှယ်များက ဒေသတွင်း ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များ၊ ဈေးကွက်များနှင့် တိုးတက်မှုအချက်အလက်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ယခုကျင်းပသည့် အခမ်းအနားသို့ နိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်သတ္တုတွင်းနေရာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုအား တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ထိုပြင် စိတ်ကူးယဉ်စစ်ရေး အိပ်မက်တစ်ခုဖြစ်သည့် နိုင်ငံ၏ ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်း ဆက်သွယ်မှု အချက်အချာ တစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက်လည်း TNLA လက်နက်ကိုင်အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ကြံစည်လုပ်ဆောင်လာခဲ့သည်။

NUG သည် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာလွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက် ဝန်ထမ်းများကို မက်လုံးပေးစည်းရုံး သိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချကာ MDY – PDF အမည်ခံအကြမ်းဖက်သမားများအဖြစ် မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့် အဓမ္မ အင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ TNLA အကြမ်းဖက်အဖွဲ့များကပါ ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေး အိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း–မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေး အကြမ်းဖက်မှုများကို စတင်ဖော်ဆောင်လာခဲ့ကြသည်။ ၎င်းတို့သည် မန္တလေးမြို့အား အလုံးစုံ သိမ်းယူရရှိနိုင်ရေးအတွက် မတ္တရာစစ်ကြောင်း၊ ပုသိမ်ကြီးစစ်ကြောင်း၊ ပြင်ဦးလွင်စစ်ကြောင်း စသည့် စစ်ကြောင်းများ သတ်မှတ်ကာ မန္တလေးသို့ ဦးတည်၍ တိုက်ကွက်များ ဖော်ဆောင်လာခဲ့သည်။ ထိုသို့ လုပ်ဆောင်လာစဉ် မိုးကုတ် – သပိတ်ကျင်း – မတ္တရာ – မန္တလေး လမ်းကြောင်း တစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု အစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ရောက်ရှိ နိုင်ရေးကြိုးပမ်းလာခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက် ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့/ရွာများနှင့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အပြင်းအထန်ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား အဓမ္မ ခြိမ်းခြောက် လူသစ်စုခြင်းဖြင့် သာလွန်အင်အား ဖန်တီးလာခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုတိုက်ခိုက် လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာကာ ပြည်သူလူထု၏ နေအိမ်များ၊ နိုင်ငံအကျိုးပြုစက်ရုံ အလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေးတို့အတွက် ကြားခံစစ်အဆင့်ဆင့်ဖြင့် စနစ်တကျ ဆုတ်ခွာပေးပြီး မတ္တရာဒေသ၌အချိန်ကာလတစ်ခုအထိ မဆုတ်တမ်း ခံစစ်စည်းသတ်မှတ်၍ စနစ်တကျဟန့်စစ်ဆင်ခြင်းနှင့် တန်ပြန်သွေးတိုးစမ်းတိုက်ခိုက် ချေမှုန်းခြင်းများ ပြုလုပ်ခဲ့သည်။ မတ္တရာဒေသ၏ အရှေ့ဘက်ရှိ TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် မန္တလေးသို့ရောက်ရှိနိုင်ရေး မတ္တရာဒေသအား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ လေ့ခွက်ချည်းကျန် အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက်၊ ဒေသခံပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာဖြင့် အပြင်းအထန် ဟန့်စစ်ဆင် ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်စစ်မှာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မတ္တရာမြို့၏ မြောက်ဘက်ရေနံ့သာကျေးရွာတစ်ဝိုက်၊ အရှေ့ဘက်ရှိ နိုင်ငံအကျိုးပြု အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင် သတ္တုတွင်းနေရာတစ်ဝိုက်တို့တွင် ရပ်တန့်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုရပ်တန့်ချိန်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ယင်းဒေသတစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူပိုင်ပစ္စည်းဥစ္စာများအားဖောက်ထွင်းယူဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ စက်ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ၊ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ စက်ရုံထုတ်ကုန်ကြမ်း၊ ကုန်ချောများအား အသုံးပြု၍ စစ်ရေးပြင်ဆင်ခြင်း၊ ကိုယ်ကျိုးစီးပွားအတွက် အသုံးချခြင်းနှင့် နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက် ရတနာပစ္စည်းအရိုင်းများကို ထုတ်ယူရောင်းချ၍ ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။



တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်ရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိသည့်ပုံ။

TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် NUG ၏ တွန်းအားပေးမှုနှင့်အတူ မတ္တရာဒေသအား အပြီးတိုင်သိမ်းပိုက်နိုင်ရေး အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းနေရာ၌ အခိုင်အမာခြေကုပ်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ မတ္တရာဒေသအရှေ့ဘက် မြကန်သာကျေးရွာရှိအင်အားနည်း ကာကင်းစခန်းတစ်ခုကို သာလွန်အင်အားအသုံးပြုတိုက်ခိုက်ခဲ့ရာ အဆိုပါကာကင်း စခန်းအနေဖြင့် ဇူလိုင် ၂၀ ရက်ညပိုင်းတွင် ဗျူဟာအရ ခေတ္တခွာစစ်ဆင်၍ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကြိုတင်စုဖွဲ့ထားသည့် အဓိက ချေမှုန်းရေးတပ်များက အမြောက်၊ လက်နက်ကြီးပစ်ကူဖြင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ နေရာယူစုဖွဲ့ထားသည့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်ရရှိနိုင်ရေး

*စာမျက်နှာ ၁၃ သို့*







TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံဝင်းအတွင်း အယ်လ်ဖာဘိလပ်မြေစက်ရုံမှထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံအမြောက်အမြားကို အသုံးပြု၍ အခိုင်အမာနေရာများ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများက ဘိလပ်မြေစက်ရုံဝင်းအတွင်း အယ်လ်ဖာဘိလပ်မြေ စက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံအမြောက်အမြားကို အသုံးပြု၍ ခံစစ်ဆောင်ရွက်ထားရှိမှု။





TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများနှင့် မော်တော်ယာဉ်များအား ဖျက်ဆီးခဲ့မှု။

*စာမျက်နှာ ၁၂ မှ*
အတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၁ ရက်မှစ၍ မတ္တရာဒေသတစ်ဝိုက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာစုဖွဲ့ထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင် သတ္တုတွင်းတို့အား အပြီးတိုင်ချေမှုန်းသုတ်သင်ရန် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး စတင်ဆောင်ရွက်ခဲ့ရာ မတ္တရာ–ဘိုကုန်း–ကျောက်တံတားဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ မြကန်သာကျေးရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ပန်းစလောင်းတောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဘိုင်ပင်ရွာဘက်မှ စစ်ကြောင်း တစ်ကြောင်းစသည်ဖြင့် စစ်ကြောင်း လေးကြောင်းဖြန့်၍ တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ် ပြင်းပြမှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း" ခြင်းအား အဆင့်ဆင့်ပေါင်းစပ်၍မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အကြမ်းဖက်သောင်းကျန်းသူ များ၏ နေရာများဖြစ်သော ကွန်ကရိဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများ၊ မြေခွေးကျင်းများဖြင့် တည်ဆောက်ထားသည့် အခိုင်အမာနေရာ အသီးသီးကို အဆင့်ဆင့် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် MDY–PDF အမည်ခံ အကြမ်းဖက်သမားများ အခိုင်အမာစုဖွဲ့ထိန်းချုပ်ထားသည့် ဖယောင်းတောင် သတ္တုတွင်းဒေသအားလည်းကောင်း၊ ဩဂုတ် ၂၈ ရက်ယနေ့တွင် အယ်လ်ဖာဘိလပ်မြေစက်ရုံအား လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံး၊ စက်ရုံ၊ အလုပ်ရုံများပျက်စီးမှု အနည်းဆုံးဖြင့် အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် မတ္တရာဒေသမြောက်ဘက်ခြမ်းသို့ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာ စစ်ဆင်ရေးကာလ ၁ လ ၇ ရက်အတွင်း TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့နှင့် တိုက်ပွဲကြီးငယ် (၂၄)ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၄၆ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့သည် ၎င်းတို့၏ အခိုင်အမာနေရာများ အား အယ်လ်ဖာဘိလပ်မြေစက်ရုံမှထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံ အမြောက်အမြားကို အသုံးပြု၍ ကွန်ကရိဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကို တည်ဆောက်တံ့ပြန်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ အခိုင်အမာနေရာများ ပြုလုပ်၍ တပ်မတော် စစ်ကြောင်းများကို အဆင့်ဆင့်ပိတ်ဆို့ တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်စစ်ကြောင်းများက စက်ရုံနှင့်သတ္တုတွင်းနေရာများ ပြန်လည်သိမ်းပိုက်ရာတွင် စက်ရုံ၊ အလုပ်ရုံနေရာများရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေး ဂရုပြု၍ ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရသည်။

အယ်လ်ဖာဘိလပ်မြေစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်သပြေကျေးရွာအနီးတွင် တည်ရှိပြီး ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထုတ်လုပ်မှုများ


*စာမျက်နှာ ၁၄ သို့*



TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ တည်ဆောက်ထားသည့် အခိုင်အမာနေရာများအားတွေ့ရစဉ်။



TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ တည်ဆောက်ထားသည့် အခိုင်အမာနေရာများအား တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက ဖယောင်းတောင်သတ္တုတွင်းနှင့်အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်ထိန်းချုပ်ထားမှုကို တွေ့ရစဉ်။



TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်းနှင့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။




TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်းနှင့်လက်နက်ခဲယမ်းများကို တွေ့ရစဉ်။



TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်းနှင့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။



TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ပါကစ္စတန်၏ မုတ်သုံရေကြီးမှုကို တုံ့ပြန်ရန် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ခြောက်သိန်း ထုတ်ပေးမည်

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၈**

၂၀၂၅ ခုနှစ် မုတ်သုံရာသီတွင် ပါကစ္စတန်နိုင်ငံ ရေကြီးမှုကိုတုံ့ပြန်ရန် ကုလသမဂ္ဂက အမေရိကန် ဒေါ်လာ ခြောက်သိန်း ခွဲဝေချထားပေးမည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၁၀ ရက်ကျော် အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးမှုတို့ကြောင့် လူ ၄၀၀ ခန့် သေဆုံးပြီး ၁၉၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က နယူးယောက်မြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါရေကြီးမှုကြောင့် လူပေါင်း ၂၀၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်နေဆဲပင်ဖြစ်သည်။ လာမည့်ရက်များအတွင်း ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။ ရေဘေးဒုက္ခခံစားရသည့် အသိုက်အဝန်းများတွင် ခိုလှုံရာနေရာများ၊ ဆေးဝါးအထောက်အပံ့များ၊ အလုပ်အကိုင်အတွက် ငွေကြေးထောက်ပံ့ပေးမှု၊ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ၊ သောက်ရေသန့်နှင့် ပညာရေးတို့အတွက် အကူအညီများ ချက်ချင်းလိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကုလသမဂ္ဂနှင့် ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများ၏ ထောက်ပံ့မှုဖြင့် အာဏာပိုင်များသည် တုံ့ပြန်မှုများ ဆောင်ရွက်နေသည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၆ ရက် မုတ်သုံရာသီစတင်သည့်အချိန်မှစ၍ မိုးရွာမှု၊ ရေကြီးမှုတို့နှင့်ဆက်စပ်၍ ၈၀၂ ဦး သေဆုံးပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။ **ဆင်ဟွာ**



# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ရှင်မိုဒါကီ မီးတောင် ပေါက်ကွဲပြီး မီတာ ၅၅၀၀ အမြင့်အထိ မီးခိုးများ လွင့်တက်

**တိုကျို ဩဂုတ် ၂၈**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ ရှင်မိုဒါကီမီးတောင် ထပ်မံပေါက်ကွဲပြီး မီးတောင်ဝမှ မီတာ ၅၅၀၀ အမြင့်အထိ မီးခိုးများလွင့်တက်သွားသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ကီရီရှိမာတောင်တန်းရှိ သက်ဝင်လှုပ်ရှားနေသည့် မီးတောင်သည် ဩဂုတ် ၂၈ ရက် နံနက် ၄ နာရီ ၅၃ မိနစ်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၃ ရက်နောက်ပိုင်းမှစ၍ ပထမဆုံးအကြိမ်အဖြစ် မီတာ ၅၀၀၀ ထက်ကျော်လွန်ကာ မီးတောင်ပြာများ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာန စောင့်ကြည့်ရေးဌာနမှ တာဝန်ရှိသူများက ပြောသည်။

နံနက် ၅ နာရီ ၂၃ မိနစ်တွင် မီးခိုးများ အမြင့် မီတာ ၄၅၀၀ အထိ ရောက်ရှိသွားကြောင်း သိရသည်။ ဂျပန်နိုင်ငံ၌ မီးတောင်သတိပေးချက် အဆင့်ငါးဆင့်သတ်မှတ်ထားရာ ယခုပေါက်ကွဲမှုကို အဆင့်သုံးဟု သတ်မှတ်ထားသည်။ မီးတောင်နားသို့ လူများမချဉ်းကပ်သင့်ဟု သတိပေးထားခြင်းဖြစ်သည်။ မီးတောင်ဝမှ သုံးကီလိုမီတာအတွင်း မီးတောင်ကျောက်များ ကျရောက်လာနိုင်သည့်အတွက် ပြည်သူများ သတိထားကြရန် အာဏာပိုင်များက နှိုးဆော်ထားသည်။

မလိုအပ်ဘဲ အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ရန်နှင့် မီးတောင်ပြာများ ကျရောက်နိုင်ဖွယ်ရှိသည့် နေရာများတွင် ကားမောင်းနှင်ခြင်း မပြုကြရန်လည်း အကြံပြုထားသည်။ **အင်န်အိတ်ချ်ကေ**



# မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၁ ဦးရှိလာ

**အူလန်ဘာတာ ဩဂုတ် ၂၈**

မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် နောက်ထပ်သေဆုံးသူ တစ်ဦးရှိလာသဖြင့် သေဆုံးသူပေါင်း ၁၁ ဦးရှိလာကြောင်း အမျိုးသားကူးစက်ရောဂါများဆိုင်ရာဗဟိုဌာနက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

အဆိုပါရောဂါကြောင့် အပြင်းအထန်ဖျားနာသူ ကလေးနှစ်ဦးအပါအဝင် ဆေးရုံ၌ကုသမှုခံယူနေသူ ၁၆ ဦးရှိကြောင်း သိရသည်။ ယင်းစင်တာက ဝက်သက်ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးခြင်းဖြင့် ၎င်းတို့၏ကလေးများကို ပြင်းထန်သောရောဂါဆိုးမှ ကာကွယ်ရန် မိဘများကို အကြံပြုထားသည်။

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းမှ အမှုန်အမွှားများနှင့် တိုက်ရိုက်ထိတွေ့မှုမှတစ်ဆင့် ကူးစက်မှုမြင့်မားသော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



*စာမျက်နှာ ၁၃ မှ*

ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းစက်ရုံတွင် နိုင်ငံခြားသားပညာရှင် ၈၀၊ ပြည်တွင်းလုပ်သား ၃၀၀ တို့ဖြင့် လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် ဘိလပ်မြေတန်ချိန် ၅၀၀၀ ထွက်ရှိကာ ဒေသတွင်းဘိလပ်မြေလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးလျက်ရှိသည့် စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါ ဘိလပ်မြေစက်ရုံအား အကြမ်းဖက်အဖွဲ့များက အခိုင်အမာနေရာအဖြစ် အင်အားစုဖွဲ့နေသည့်အချိန်တွင် စက်ရုံလည်ပတ်နိုင်ခြင်းမရှိသည့်အတွက် ဒေသတွင်း ဘိလပ်မြေလိုအပ်ချက်များပြားပြီး ဈေးနှုန်းကြီးမြင့်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသည့်အခြေအနေများကို ဒေသခံပြည်သူများအနေဖြင့် ခက်ခဲစွာရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ များပြားခဲ့ပြီး အဆိုပါအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေလိုအပ်ချက်များ များစွာဖြစ်ပေါ်ခဲ့ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်နစ်နာမှုများ များစွာဖြစ်ပေါ်စေခဲ့သည်။

အလားတူ ဖယောင်းတောင်သတ္တုတွင်း(ရွှေသန့်စင်)လုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်စက်ရုံအဖြစ် လုပ်ငန်းငှားရမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသတ္တုတွင်းလုပ်ငန်းအနေဖြင့် နိုင်ငံ့အဖိုးတန်ရွှေသတ္တုအရိုင်းများအား ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း လုပ်ငန်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်အကျိုးပြုလျက်ရှိသကဲ့သို့ ဝန်ထမ်းပေါင်း ၁၇၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးလျက်ရှိသည့် အကျိုးပြုလုပ်ငန်းတစ်ခု ဖြစ်သည်။ TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့်အချိန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ရခြင်း၊ နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ပစ္စည်းအရိုင်းများကို ထုတ်ယူရောင်းချ၍ PDF ခေါင်းဆောင်အသီးသီးက ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းလုပ်ငန်းကို တပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သည့် စက်ရုံအဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ပြန်လည်ပြင်ဆင်မှုများပြုလုပ်၍ စက်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဒေသတွင်း ဘိလပ်မြေ လိုအပ်ချက်များကို ဈေးနှုန်းသက်သာစွာ ပြန်လည်ဖြည့်ဆည်းပေးနိုင်မည့် အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မတ္တရာနှင့် သပိတ်ကျင်းမြို့နယ်အကြား TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့များ ကျန်ရှိနေသေးသည့် နေရာများအား ဆက်လက် နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရှိရပြီး နယ်မြေ ရှင်းလင်းခြင်းနှင့်အတူ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်အဖိုးတန်သတ္တုတွင်းထွက် ပစ္စည်းများထွက်ရှိရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံများတို့ကိုလည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဆ) ရပ်ကွက် ခေမာသီလမ်းနှင့် သမာဓိလမ်းထောင့်ရှိ အဆိုပါတရားရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံနှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** မြို့နယ်တရားရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး တရားရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ G 3 GROUP ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးဖြိုးပိုင်က ရုံးအဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြောက်ဥက္ကလာပမြို့နယ် တရားသူကြီး ဦးရဲမင်းထွန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်မှစ၍ (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၄၃၂၅ သန်းဖြင့် G 3 GROUP ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတည်ဆောက်ပြီးစီးခဲ့သည့် မြောက်ဥက္ကလာပ မြို့နယ်တရားရုံးသည် အလျား ပေ ၁၆၀ x အနံ ၈၂ ပေ၊ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## သတင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်**

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် (၂၀၀) ကျပ်နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀၀) ကျပ် တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းတွင်းမှဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ဖြေဆိုခွင့်လျှောက်လွှာများကို သက်ဆိုင်ရာကျောင်းများမှလည်းကောင်း၊ ပြင်ပမှဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများမှလည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ လာရောက်ဝယ်ယူရန်ဖြစ်ပါသည်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံများကို ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်နှင့် ပန်းရောင် အရောင်နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသည် လျှောက်လွှာတစ်စောင်ချင်းစီတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများကိုကပ်၍ မိမိတို့ကျောင်းအလိုက် ဖြေဆိုခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။


၅။ ပြင်ပမှဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့်သူများသည် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများနှင့် လျှောက်လွှာများဝယ်ယူပြီး ဖြေဆိုခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် အဆိုပါ ငွေသွင်းတံဆိပ်ခေါင်းကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ပါ။


၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားတို့တွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါသဖြင့် မိမိတို့ဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာစစ်ဆေးပြီး ဖြေဆိုမည့်သူကိုယ်တိုင် ဖြည့်စွက်လျှောက်ထားကြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၆-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၇-၈-၂၀၂၅ ရက်နေ့မှ ၂၈-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၆-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၉-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




## ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးခူဆေးထိုးသားဖောက်ခြင်းနှင့် ရေငန်ပုစွန်မွေးမြူခြင်းသင်တန်းဖွင့်

ပဲခူး ဩဂုတ် ၂၈

တိုင်းရင်းငါးမျိုး ငါးခူဆေးထိုးသားဖောက်ခြင်းနှင့် ရေငန်ပုစွန်မွေးမြူခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်း သင်တန်းကျောင်း၌ ကျင်းပသည်။(ယာပုံ)

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယခု သင်တန်းတွင် တိုင်းရင်းငါးမျိုးများ သားဖောက်မွေးမြူ ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာအသိပညာများအား မွေးမြူရေးလုပ်ငန်းရှင်များ၊ ပဲခူးတက္ကသိုလ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၊ ဌာနတွင်းဝန်ထမ်းများအနေဖြင့်



သိရှိလာနိုင်သည့်အပြင် ပုစွန်မွေးမြူခြင်းလုပ်ငန်းတွင် အဓိကကျသည့် ကန်ပြင်ဆင်ခြင်း၊ ရေအရည်အသွေး ထိန်းသိမ်းခြင်းနှင့် အစာကျွေးခြင်း စသည့်ပုစွန်မွေးမြူရေးကျင့်စဉ်များကိုလည်း သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပေးမည့် သင်ခန်းစာများကို စနစ်တကျလေ့လာမှတ်သားပြီး တိုင်းဒေသကြီးအတွင်း စားသုံးမှုဖူလုံရုံမျှမက နိုင်ငံတော်အတွက် အားထားရမည့် အရည်အသွေးပြည့်မီသော ရေထွက်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်အောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာစုမျိုးသွယ်က တိုင်းရင်းငါးမျိုး ငါးခူ ဆေးထိုးသားဖောက်ခြင်းနှင့် ပတ်ဝန်းကျင်သဟဇာတဖြစ်သည့် ရေငန်ပုစွန်မွေးမြူခြင်းသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတွင် ဖွင့်လှစ်သင်ကြားမည့် သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံနည်းကျ သားဖောက်ထားရှိသည့် တိုင်းရင်းငါးမျိုးများအား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းရင်းငါးမျိုး ငါးခူဆေးထိုး သားဖောက်ခြင်းနှင့် ပတ်ဝန်းကျင်သဟဇာတဖြစ်သည့် ရေငန် ပုစွန်မွေးမြူခြင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ မြို့သစ်(က)ရပ်ကွက်ရှိ ရွှေးဟောင်းသမိုင်းဝင် မုစလိန္ဒာမင်္ဂလာကန်တော်ကြီးဘက်စုံ အဆင့်မြှင့်တင်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ စနစ်တကျပြန်လည်နေထိုင်နိုင်ရေးနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ

လွိုင်ကော် ဩဂုတ် ၂၈

ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ စနစ်တကျပြန်လည်နေထိုင်နိုင်ရေးနှင့် ပြန်လည်နေထိုင်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ပန်ကန်း) ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရန် ကျောင်းသန့်ရှင်းသာယာရေး ဆောင်ရွက်ပေးနေမှုနှင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းအုပ်ကြီးရုံးခန်းနှင့် စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း၊ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းနှင့် သိပ္ပံလက်တွေ့စမ်းသပ်ခန်းများ ပြန်လည်ပြုပြင်ရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။



ထို့နောက် မိုင်းလုံးရပ်ကွက်ရှိ ရေစက်ရုံအမှတ်(၁) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘီလူးချောင်းရေမြင့်တက်နေမှုကြောင့် စက်ရုံအတွင်း ချောင်းရေဝင်ရောက်မှုမရှိစေရေးနှင့် ဝင်ရောက်လာပါက ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများ၊ ရေစက်ရုံပစ္စည်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် မြို့ရေပေးဝေရေး ပြတ်တောက်မှုမရှိစေရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား၍ ၂၀၂၅ ခုနှစ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ဘင်ခရာအဖွဲ့က ဂုဏ်ပြုသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများနှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။(ဝဲပုံ)

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၂၀၂၅ ခုနှစ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ၁၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ဘားအံ ဩဂုတ် ၂၈

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့နယ် ဒုံရင်း အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ဖဲကြိုးကိုင်၊ ဗန်းကိုင်အဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒုံရင်းအခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ ကျောင်းခန်းများအတွင်း စကားပုံဆက်ပြိုင်ပွဲ၊ ရုပ်ပုံဆက်ပြိုင်ပွဲ၊ ကရင်တိုင်းရင်းသားစာပေ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ လူငယ်စာဖတ်ဝိုင်း၊ အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ လုပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံပြပွဲ၊ စိုက်ပျိုးမွေးမြူရေးပြပွဲ၊ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုပြခန်း၊ အခြေခံပညာဦးစီးဌာန၏ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြခန်း၊ ဉာဏ်စမ်းပဟေဠိ(Kahoot Quiz) ပြိုင်ပွဲ၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်သုတ၊ ရသစာအုပ်စာစောင်ပေါင်း ၅၀၀ ခန့်ရှိ အထက(ဒုံရင်း) ကျောင်းစာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် ပညာရပ်အလိုက် စာအုပ်စာစောင်များ စုဆောင်းထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် သုတ၊ ရသ၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြ အမျိုးမျိုး စာအုပ်ဈေးရောင်းပွဲတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ စာအုပ်စာပေဝယ်ယူလေ့လာဖတ်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို အဆိုပါအထက်တန်းကျောင်း မဏ်မေခလာခန်းမ၌ ကျင်းပရာ အထက (ဒုံရင်း) မှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည် Video Clip ကို ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အထကကော့ကျိုက်မှ ကျောင်းသား ကျောင်းသူများက မြန်မာပြည်မှာ စာပဒေသာဝေဆာစေသီချင်း၊ အထက(ခွဲ) (ကော့မူးတာအရှေ့)မှ ကျောင်းသား ကျောင်းသူများက ပညာပန်းများလန်းရာမြေသီချင်း၊ အထက(ခွဲ)ကမော့ကစင်မှ ကျောင်းသား ကျောင်းသူများက ပန်းတိုင်းပွင့်ပါစေ သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေလွှဲဆည်၊ ရေလှောင်ကန်နှင့် ဆက်စပ်ရေအားအဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက တိုင်ဖွန်းမုန်တိုင်း ကဂျိကိ (KAJIKI) ၏ အရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေလွှဲဆည်၊ ရေလှောင်ကန်နှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေလွှဲဆည်သို့ ရောက်ရှိပြီး လက်ရှိ ရေကျော်ကျစီးဆင်းသည့် ပမာဏသည် ၄ ဒသမ ၅ ပေအထိသာရှိပြီး ရာဂီမုန်တိုင်းတိုက်ခတ်စဉ်က ၁၁ ဒသမ ၈ ပေအထိ ရေကျော်ခဲ့သည့်အတွက် ယခုရေကျော်ကျ စီးဆင်းမှုပမာဏ များပြားမှုမရှိသော်လည်း ရေလွှဲဆည်ကြံ့ခိုင်မှုအား (၂၄)နာရီ တာဝန်ချထားရန်၊ ဌာနမှ ထုတ်ပြန်ထားသည့် မျက်မြင်စစ်ဆေးတွေ့ရှိမှု၊ တိုင်းတာစစ်ဆေးမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် မဒန်းဆည် ရေသောက်စနစ်နှင့် ချောင်းမငယ်ဆည် ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ရေပေးအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ပြုပြင်ရန်ကျန်ရှိသည့် လုပ်ငန်းများကို မူလဒီဇိုင်းပုံစံအတိုင်း သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်သွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး၊ လျာထားစိုက်ဧကများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေ ပေးဝေနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် မိုးရေချိန်များပြားစွာ ရွာသွန်းလာပါက ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရေး ကြိုတင်စီမံ ဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီးရှိ ဆင်အုံကန်သို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရေလှောင်ကန်၏ ရေပြည့်မှတ်အထက်တွင် ရောက်ရှိနေသောကြောင့် ရေလှောင်ကန် ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီ (၈/၂၀၂၅) အစည်းအဝေးကျင်းပ

**ထားဝယ် ဩဂုတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ (၈/၂၀၂၅) အစည်းအဝေးနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ (၈/၂၀၂၅) အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး မြေစာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြိတ်ခရိုင် ကျောက်ဖျာကျေးရွာအုပ်စု ငါးအမှုန့်ကြိတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Shwe Pale Thi Co.,Ltd.မှ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ရန်နှင့် လုပ်ငန်းအတွက် လိုအပ်နေသော စက်နှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့်ပြုနိုင်ရေးဆိုင်ရာများကို လည်းကောင်း၊ ထားဝယ်မြို့နယ်၌ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်လျက်ရှိသော Deluxe(369) Co.,Ltd. မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော အခက်အခဲများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၁၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၅၂၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် တန် ၀ ဒသမ ၁၉၀၊ အခြားသစ် ၈ ဒသမ ၀၀၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၃၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်မြို့ ပြည်တော်အေးရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် လေးတိုင်စင်ကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀) ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ် (၃)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၀၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၄ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် တန် ၄ ဒသမ ၅၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၂၇၉) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဩဂုတ် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထူးပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဝင်ရောက်ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၃ မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၂၉၁၈၆၉၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-10 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၀၉၇၅၃၇) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၅၇၈၆၂၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၈ ရက်တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၄၁၀၀၀) ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ် ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၈၃၃၇၂၃၃၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဒီဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄)ဖြင့် "ဒီဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိ



မြို့နယ် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ကျွမ်းကျင်သူပြင်ပနည်းပြက ဒစ်ဂျစ်တယ်နည်းပညာ သိမြင်နားလည်တတ်မြောက်ခြင်းနှင့် မိမိလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်နည်းပညာ (Digital Technology)၊ Digital Tools များအကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)နှင့် နည်းပညာပြောင်းလဲမှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ MSMEs လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ Online စနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဌာနမှ Micro လုပ်ငန်းများအတွက် Online Registration ဆိုင်ရာ နည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသင်ကြားပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ဒဂုံတက္ကသိုလ်၌တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၈**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅)၊ မဟာဗျူဟာအစီအစဉ် ၅.၃.၁ အရ တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ "တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲ" ကို ယမန်နေ့က ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာက "စေ့စပ်ဖြေရှင်းရေးမိတ်ဆက်" ခေါင်းစဉ်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မွန်သူဇာခင်က "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး" ခေါင်းစဉ်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးစောမျိုးမျိုးက "စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်း" ခေါင်းစဉ်တို့ဖြင့် ရှင်းလင်းဟောပြောကြရာ တက်ရောက်လာကြသူများက သိလို



သည်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အလက(ခွဲ) ဟိုင်းကြီးရွာသစ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်သန်စွမ်း၍ အားကစား ထူးချွန်သော ကျောင်းအုပ်ကြီးဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၅ ရက်က အဆိုပါ ကျောင်းဘောလုံးကွင်း၌ ကျင်းပသည်။



ဦးစွာ ဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုရရှိသော မူလတန်းအသင်း၊ အမျိုးသမီး(အဖြူ) အသင်းနှင့် ပူးတွဲချန်ပီယံဆုရရှိသော (အဖြူနှင့်အနီ) အမျိုးသား အသင်းများအား အလက(ခွဲ) ဟိုင်းကြီးရွာသစ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးနေလင်းအောင်က ချန်ပီယံဒိုင်းဆုနှင့် ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုနှင့် တတိယဆုရရှိသော အသင်းများအား ကျောင်းတာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

## သာစည်မြို့နယ် အင်းကုန်းကျေးရွာ၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**သာစည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အင်းကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ အားသစ်မာန်ကုမ္ပဏီမှ တည်ထောင်ထားသည့် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသော အလျားပေ ၁၂၀၊ အနံပေ ၃၀ အာစီတစ်ထပ် စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်း၊ ကျောင်းအုပ်ဆရာမကြီး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဖောင်ဒေးရှင်းတာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဖောင်ဒေးရှင်းတာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ဖောင်ဒေးရှင်းတာဝန်ရှိသူများက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် စာသင်ခုံများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မြို့နယ်များ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်



**တောင်ဥက္ကလာပ**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အသက် ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး ဒုတိယအကြိမ်တိုက်ကျွေးခြင်းကို ဩဂုတ် ၂၇ ရက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကေသရာဇာခန်းမ၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဦးစွာ ပြည်သူ့ကျန်းမာရေးဆရာမကြီးဒေါ်စန်းစန်းညိုနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက်ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကာကွယ်ဆေးမသောက်ခင် အစားအစာကို နှစ်နာရီ ကြိုတင်စားသောက်ထားရန်၊ ကာကွယ်ဆေးသောက်ပြီးချိန် မိနစ် ၃၀ ခန့် စောင့်ဆိုင်းစေခြင်း၊ တစ်နာရီကျော်လွန်မှ အစားအသောက်စားစေခြင်းနှင့် ကာကွယ်ဆေးထိုးပြီး နှစ်ရက်အတွင်း အချဉ်၊ အစပ်၊ အဆီ၊ အဆိမ့်နှင့် အေးခဲထားသော အစားအသောက်များ၊ အသားစိမ်းများကို မစားမိစေရန် ကလေးမိဘများနှင့် တာဝန်ရှိ ဆရာဆရာမများအား ပြောကြားခဲ့သည်။

**သက်မင်းဟန်(ပြန်/ဆက်)**



**ဒဂုံမြို့သစ်(မြောက်ပိုင်း)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ် (၁၇)အခြေခံပညာမူလတန်းကျောင်း၌ KG ကျောင်းသား ကျောင်းသူများအား ဩဂုတ် ၂၆ ရက်တွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး (Oravacs) တိုက်ကျွေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့တိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာတင်မူမြင့်၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အမက (၁၇) ကျောင်းရှိ KG တန်း ကျောင်းသား ကျောင်းသူ ၂၄၆ ဦးအား ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေးကို စနစ်တကျ တိုက်ကျွေးခဲ့ကြသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ခြင်းကို ဩဂုတ် ၂၇ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက လဟာကလူကျေးရွာအုပ်စုနှင့် အမှတ်(၅)ရပ်ကွက်ရှိ တောင်သူများအား ဖြိုးမောက်ယူရီးယားမြေဩဇာနှင့် GBS အမျိုးအစား ကွန်ပေါင်းမြေဩဇာတို့ကို ပေးအပ်စဉ်။

ကျော်ဇင်စိုး(ပြန်/ဆက်)

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ အထက ကြာနီကန်ကျောင်း Grade-7 မှ မသရဖီဇော် ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၇/ရတန (နိုင်) ၁၀၉၇၆၂ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊အထက-ရွာသစ်၊Grade-12တွင် ပညာ သင်ကြားနေသော နန်းတင်တင်ဌေး ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဦး (၁၄/အမန (နိုင်) ၀၉၁၉၇၈) ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ဦး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက-ရွာသစ်၊ Grade -12 တွင် ပညာသင်ကြားနေသော နန်းသဉ္ဇာခိုင် ၏ ဖခင်အမည်မှန်မှာ ဦးဇော် (၁၄/ဝခမ (နိုင်)၁၈၇၈၂၉) ဖြစ်ပါကြောင်း။

**ဦးဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အလက(ခွဲ)ဆည်ကြီး(တ)မှအထွေထွေလုပ်သား ဒေါ်တင်တင်ငြိမ်း ၉/သစန(နိုင်)၀၄၃၃၅၈ ၏ ဖခင်အမည် ဦးထွန်းရင် (ခ) ဦးရွှေဝ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းရင်(ခ)ဦးရွှေဝ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊သာစည်မြို့နယ် အလက(ခွဲ)သန်းတောမှ အလယ်တန်းပြ ဒေါ်စောယုတင် ၉/သစန(နိုင်)၁၄၉၃၃၉ ၏ ဖခင်အမည် ဦးသိန်းဆွေ(ခ)ဦးသိန်းရွှေ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းဆွေ(ခ)ဦးသိန်းရွှေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့ အမက ငါးဆူမှ လ/ထ မူလတန်းပြ ဒေါ်ခိုင်ခိုင်သင်း ၉/သစန (နိုင်) ၁၄၉၉၈၀ ၏ ဖခင်အမည် ဦးသန်းထွန်း(ခ)ဦးသန်းထွန်းအောင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းထွန်း(ခ)**
**ဦးသန်းထွန်းအောင်**

## "ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထူးအံ့(၁၂/ဗဟန(နိုင်) ၁၀၈၃၅၄)နှင့် ဒေါ်ပွင့်ကေခိုင်(ခ)ပိုးပိုး(၁၂/သဃက(နိုင်)၁၇၃၂၁၈) သည် လက်ထပ်ထိမ်းမြားသည့်နေ့မှစ၍ ယနေ့ချိန်ထိ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးအံ့က လင့်ဝတ္တရားနှင့်အညီ နေထိုင်လာခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးအံ့၏ ဇနီးဖြစ်သူ ဒေါ်ပွင့်ကေခိုင်(ခ)ပိုးပိုးသည် ဇနီးကောင်းအဖြစ် ပြုမူနေထိုင်ခြင်းမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးအံ့၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားတွင်လည်းကောင်း၊ လူမှုကွန်ယက်များတွင်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးအံ့၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အလုပ်အကိုင်များ ပျက်စီးစေရန် မဟုတ်မမှန်စွပ်စွဲပြောဆိုပြုမူဆောင်ရွက်နေခြင်းများကို အကြိမ်ကြိမ်ပြုလုပ်နေပြီး မိသားစုဝင်များ၏ ဂုဏ်သိက္ခာများ ကျဆင်းစေရန် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေသောကြောင့် ယနေ့မှစ၍ ဒေါ်ပွင့်ကေခိုင် (ခ) ပိုးပိုး(၁၂/သဃက(နိုင်)၁၇၃၂၁၈)အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးအံ့၏ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထူးအံ့ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းထွန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၄၀၀/၂၀၁၇)**
**၂၃ လမ်း၊ ၆၃ X ၆၄ ကြား၊ အောင်/စံ၊ မန္တလေးမြို့**



## မြစ်ကြီးနားမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ် ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မိုးကုတ် ဓမ္မရိပ်သာကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၅ ပါးနှင့် သာသနာနွယ်ဝင်သီလရှင် ၃၄ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၃ ဦးတို့ကို အဆိုပါကျေးရွာရှိ မနောသိဒ္ဓိကျောင်းတိုက်၌ လည်းကောင်း၊ သုံးခွမြို့နယ် ဘုရားကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၄၅ ဦးတို့ကို အဆိုပါကျေးရွာရှိ ထန်ငြိမ်းစေတီဓမ္မာရုံ၌ လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အုတ်တွင်းမြို့နယ်၊ အ.ထ.က ကျွဲပွဲကျောင်းမှ မူလတန်းပြဆရာ ဦးအောင်ပွား ၇/အတန(နိုင်)၀၂၉ ၃၄၈ ၏ဖခင် ဦးဘိုးစော နှင့် ဦးဖိုးစော သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဘိုးစော(ခ)ဦးဖိုးစော**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊စလေမြို့၊ အမှတ်(၄)တောင်ရပ်နေ ဦးရေချမ်း ၏ သမီး မအေးအေးငြိမ်း ၈/ခမန(နိုင်)၂၃၄၁၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် MI 127 302 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09 954 140 421

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5796 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကူက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၅ပေX၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ရီရီမြင့် (၁၁/သတန(နိုင်)၀၄၇၂၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောဝင်းလှိုင် (၁၁/မဥန(နိုင်) ၀၆၇၁၀၉)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကံရွာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၂၈၊ ကွင်းအမည် ကံရွာကွင်း၊ ဦးပိုင်အမှတ်(၁၄/၃)၊ ဧရိယာ(၂ဒသမ ၃၄) ဧကအား အမည်ပေါက် ဦးအောင်မြင့် ၁၂/တတန(နိုင်) ၀၉၇၅၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝင်း ၁၂/အစန(နိုင်) ၀၂၇၇၀၆သည် ၂၀၁၉ခုနှစ်တွင် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်၍ အခွန်ထမ်းဆောင်ကာ လက်ဝယ်ထားခဲ့ပြီး ထိုမြေကွက်နှင့်ပတ်သက်၍ ဒေါ်စန်းစန်းဝင်းမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံ၊ ပေးကမ်းထားခြင်း၊ ကိုယ်စား လှယ်စာလွှဲအပ်ထားခြင်း လုံးဝမရှိသည့်အပြင် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်စန်းစန်းဝင်း၏ခွင့်ပြုချက်မရှိဘဲ မည်သူမှ လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ ပေးကမ်းခွင့်မရှိကြောင်းနှင့်ထိုမြေကွက်ပိုင်ရေးပိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်တင်ပြလိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြေညာစာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝင်းထံသို့ဖြစ်စေ ကန့်ကွက်တင်ပြနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးကြူ(LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၅၅)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊မကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊**
**ကြည့်မြင် တိုင်မြို့နယ်၊ ဖုန်း-၀၉-၂၅၅၇၈၂၈၄၆၊ ၀၉-၂၆၃၆၅၆၇၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ စက်တန်းရပ်ရှိ အရှေ့လားသော် ဦးသီဟဌေး နေအိမ်ဝိုင်းမြေ အနောက်လားသော်-ဒေါ်ခင်အုန်းမြင့် နေအိမ်ဝိုင်းမြေ၊ တောင်လားသော် - ဒေါ်မြတင် နေအိမ်ဝိုင်းမြေ၊ မြောက်လားသော်- လမ်း၊ ၎င်းအလား(၄)ရပ်အတွင်းရှိ ဝိုင်းမျက်နှာစာ(အရှေ့- အနောက်) (၃၇)ပေ၊ ဝိုင်းကျောဘက်ခြမ်း (အရှေ့-အနောက်) (၃၃)ပေ၊ ဝိုင်းမြေအရှေ့ဘက်ခြမ်း(တောင်-မြောက်) (၄၂)ပေ၊ ဝိုင်းမြေအနောက်ဘက်ခြမ်း(တောင်-မြောက်) (၅၂)ပေ အကျယ်ရှိ ဝိုင်းမြေကွက်အား ယခုလက်ရှိလက်ရောက် ပိုင်ဆိုင်သူ ဒေါ်မြသန်းထွေးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းပြည့်ဟန်နှင့် (ဇနီး)ဒေါ်အိသဉ္ဇာခိုင် တို့မှ ဝယ်ယူရန်သဘောတူညီခဲ့ကြပြီး (၂၇-၈-၂၀၂၅) ရက်၌ ဝိုင်းမြေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဝိုင်းမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးချမ်းပြည့်ဟန်** | **ဦးဇော်အောင်လွင် LL.B** |
| **၉/မထလ(နိုင်)၂၈၇၄၇၂** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်အိသဉ္ဇာခိုင်** | **စဉ်-၁၆၇၆၆ (၂၁-၁၂-၂၀၂၀)** |
| **၉/ဝတန(နိုင်)၁၆၁၀၇၇** | **မဟာစ-၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊** |
| | **မဟာစည်တိုးချဲ့ရပ် ၊ မိတ္ထီလာမြို့၊** |
| | **ဖုန်း-၀၉- ၄၄၂၀၀၃၅၃** |

## အမည်မှန်

(ဘ)ဦးမျိုးမင်းခိုင် ၏သား သာပေါင်းမြို့နယ်၊ အထက(ခွဲ) ခေနန်ကျောင်း Grade-6တွင် ပညာသင်ကြားနေသော D Run ဖြိုး၏အမည်မှန်မှာ မောင်ဒီယံဖြိုး ဖြစ်ပါကြောင်း။

**မောင်ဒီယံဖြိုး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/1592 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/67168, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မျိုး ၇/တငန(နိုင်)ဝ၅၆၂၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 43W/25485 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၇/မလန(နိုင်)ဝ၆၄၆၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/32601, Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုတူး ၉/ပသက(နိုင်)၁၁၇၂၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/47336, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နဒီနွေး ၉/စကန(နိုင်)ဝ၈၉၈ဝ၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၁

ဒေါ်ဝေဟုန်ရန် နှင့် ၁။ ဦးစန်းအောင်
၂။ ဒေါ်တင်တင်ဌေး(၎င်းတို့၏အထူးကိုယ်စားလှယ်စာရသူ ဦးသန်းမောင်နှင့်ဦးရန်ချို့စိမ်)

တရားလို — တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မမ-၅/၂၀၊ မြရည်နန္ဒာရပ်ကွက်နေ ဦးချစ်မြ ၏သားဖြစ်သူ ဦးစန်းအောင် နှင့်ဦးချစ်စိန်၏သမီးဖြစ်သူ ဒေါ်တင်တင်ဌေး (၎င်းတို့၏ အထူးကိုယ်စားလှယ်စာရသူ ဦးသန်းမောင်နှင့် ဦးရန်ချို့စိမ်)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ဝေဟုန်ရန်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၀)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ( ၀ဒသမ၀၅၅၁)ကေ၏ အရှေ့ဘက်ခြမ်း(၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အားနှစ်ဦးသဘောတူပဋိညာဉ်အရအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၆ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ် လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်း ပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလှဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၂

ဦးဟန်သုထိုက် နှင့် ၁။ ဦးစန်းအောင်
၂။ ဒေါ်တင်တင်ဌေး (၎င်းတို့၏အထူးကိုယ်စားလှယ်စာရသူ ဦးသန်းမောင်နှင့်ဦးရန်ချို့စိမ်)

တရားလို — တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မမ-၅/၂၀၊ မြရည်နန္ဒာရပ်ကွက်နေ ဦးချမ်းမြ၏သားဖြစ်သူ ဦးစန်းအောင် နှင့်ဦးချစ်စိန်၏သမီးဖြစ်သူ ဒေါ်တင်တင်ဌေး (၎င်းတို့၏ အထူးကိုယ်စားလှယ်စာရသူ ဦးသန်းမောင်နှင့် ဦးရန်ချို့စိမ်)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဟန်သုထိုက်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၀)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ( ၀ဒသမ၀၅၅၁)ကေ၏ အနောက်ဘက်ခြမ်း(၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အား နှစ်ဦးသဘောတူပဋိညာဉ်အရ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၆ရက် (၁၃၈၇ ခု နှစ်၊ သီတင်းကျွတ် လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလှဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁၇၃

**ကွယ်လွန်သူ ဦးကာစင်အီဗရာဟင်မာလမ် (စီအီးမာလမ်) ၏**
**ပိုင်ဆိုင်ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၃E 3၊ မြေအတန်းအစား 1 Class ၊ မြေအမျိုးအစား မြေပိုင်မြေ ၊ မြေကွက်အမှတ် 1 Western 1/3 ၊ မြေကွက်အတိုင်းအတာ ၃၈.၄ ပေ x ၁၀၀ပေ ၊ မြေကွက်အမှတ်– 1 Centre 1/3 ၊ မြေကွက်အတိုင်းအတာ ၃၈.၄ ပေ x ၁၀၀ပေ နှင့် မြေကွက်အမှတ်– 1 Eastern 1/3 ၊ မြေကွက်အတိုင်းအတာ ၃၈.၄ ပေ x ၁၀၀ပေရှိ မြေကွက်(၃)ကွက် နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ရပ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကာစင်အီဗရာဟင်မာလမ် (စီအီးမာလမ်)၏ ကျန်ရစ်သော ပစ္စည်းများအပေါ် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ – ၃၀၇(၂) အရ စီမံခန့်ခွဲခွင့်ပြုပါရန် ၎င်း၏သားဖြစ်သူ လျှောက်ထားသူ အမှတ်(၁) ဦးယာကွတ်ကာစင်မာလမ်နှင့် မြေးဖြစ်သူ လျှောက်ထားသူအမှတ် (၂) ဦးထွန်းလှဖြူတို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကာစင်အီဗရာဟင်မာလမ် (စီအီးမာလမ်)၏ ကျန်ရစ်သော ပစ္စည်းများတွင်အကျိုးစီးပွါးသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ဤအမှုကို၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၄ ရက်) တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ အမှတ်(၁) ဦးယာကွတ်ကာစင်မာလမ်နှင့် လျှောက်ထားသူ အမှတ် (၂) ဦးထွန်းလှဖြူတို့၏လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/အောင်သူရိန်)၊ ဦးပိုင်အမှတ်(၁၀၃)၊ မြေဧရိယာ (၀ဒသမ၀၅၅)ကေရှိ ဝင်းမြေအား ဒေါ်လှလှ ၉/မနမ(နိုင်) ၁၉၇၈၈၁က မြေဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်၊ စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှ ၉/မနမ(နိုင်)၁၉၇၈၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(အမှတ်-၁/ကွက်သစ်ရပ်)၊ ဦးပိုင်အမှတ်(၃၆၂)၊ ဧရိယာ(၀ဒသမ၀၇၄)ကေရှိ ဝင်းမြေအား ဦးလားရင်လွှမ်း ၅/ကလထ(နိုင်) ၁၂၃၂၈၉သည် ၎င်းအမည်ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်/စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရိုထန်းပွီးယာ B.A,PGDL,LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၀)(၃၀-၁၁-၂၀၂၃)**
**အမှတ်(၆/၁)၊ မြို့လှရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း-၀၉-၄၀၀၅၀၃၁၇၉၊ ၀၉-၉၇၉၀၈၇၄၄၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ဖောင်းကြွထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၈၊ မြေကွက်အမှတ် ၁၁၃၂၊ ဧရိယာ (၀.၀၅၅)ကေ၊ မြေကွက် တည်နေရာအမှတ် (၁၁၃၂)၊ ကွမ်းအပ်သားမင်းသားလမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးဘိုးစိန်(ခ)ဝေါင်ကွေ့လျှောင် (၁၂/ပဘတ(နိုင်)၀၁၈၅၅၁) ဒေါ်ကျင်ရီ(ခ)တန်လေကိန် (၁၂/လသန(နိုင်)၀၀၉၂၂၆) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဂရန်အမည်ပေါက်တစ်ဦးဖြစ်သူ (ဇနီး) ဒေါ်ကျင်ရီ(ခ)တန်လေကိန် (၁၂/လသန(နိုင်)၀၀၉၂၂၆) သည် ၁၆-၅-၂၀၂၂ရက်တွင် ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက်ဖြစ်သူ ၎င်း၏ခင်ပွန်း ဦးဘိုးစိန်(ခ)ဝေါင်ကွေ့လျှောင် (၁၂/ပဘတ(နိုင်)၀၁၈၅၅၁)မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၄၁၃/၁၅-၁-၂၀၂၂ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အကြွင်းလင်မယားဖြစ်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်စာချုပ်အမှတ် ၇၂၃/၂၀၁၈ (၂-၂-၂၀၁၈)၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နှစ် (၆၀) ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ သွပ်မိုးထရံကာမြေစိုက် (၁)လုံးတွင် စုပုံလုပ်ငန်းရှိပြီး လျှောက်ထားသူမှ စုပုံလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးဘိုးစိန်(ခ)ဝေါင်ကွေ့လျှောင်မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(တိုက်ကြီး)မှ ဦးလှရွှေ၏သမီး ဒုတိယ အလယ်တန်းပြ ဒေါ်စမ်းစမ်းသူနှင့် ဒေါ်စန်းစန်းသူ ၁၂/တကန(နိုင်)၀၈၄၁၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းသူ(ခ) ဒေါ်စန်းစန်းသူ**

## အမည်မှန်

